
LU NAY
လူနေ ဘာဆိုလားပဲ

Saving screenshot

(၁)

"မောင်ကကြီး ထမ်း"

ဆရာမ က သူ့နာမည် ကို ခေါ်လိုက်သော ကြောင့် ထိုင်ရာမှ ထလိုက်ရသည်။ လက်ပိုက်လို့ ပေါ့။ တကယ်တော့ သူ့နာမည် မှာ "မောင်ကကြီး" မဟုတ်ပါ။ အဖေပေးထားသည့်နာမည် က "ကောင်းကင်ကိုကို" ဆိုသည့်နာမည် ဖြစ်သည်။ ဒါပေမဲ့ ထိုနာမည် ကို ဘယ်သူမှ မခေါ်ကြဘူး။ ရှည်လို့တဲ့။ ပြီးတော့ နာမည် က "ကကြီး"တွေ များ တယ်ဆိုပြီး "ကကြီး" ပဲ ခေါ်မယ် လုပ်ရာကနေ ကျောင်းမှာ နာမည် တွင် သွားတာပါ။

"ဆရာ အခု ဘာသင်နေတာလဲ"

ဆရာမ က ဒေါနဲ့မောနဲ့ မေးသည်။

ကကြီးကလည်း သပြီးသားဆိုတဲ့ စတိုင်နဲ့ ပျင်းတိပျင်းတွဲ ပြန်ဖြေသည်။

"သမိုင်းပါ ဆရာမ "

အိုက်တင်အနေနဲ့ မျက်လုံးလေး ပေကလပ်ကလပ်လုပ်ထားလိုက်သည်။ အပြစ်ကင်းတယ် ပေါ့။ တားဘာရုတ်လို့ရဲ ဆိုတဲ့ ကလေး တစ်ယောက် အိုက်တင်လေး ဖမ်းထားတာပါ။

"အေး... ဟုတ်တယ်၊ ဒီလောက်စိတ်ဝင်စားစရာ ကောင်းတဲ့သမိုင်းကို နားထောင်မနေဘဲ ဘာ ဖြစ်လို့ဟိုငေးဒီငေး လုပ်နေတာလဲ၊ စာသင်နေတာကိုပဲ သေချာနားထောင်"

ဆရာမ က ဆူပါတော့သည်။

ကကြီးကလည်း သူ့ဝတီအတိုင်း လက်ဖက်ခြောက်ခတ်ရန် ပြင်လေတော့သည်။

"ဆရာမ "

ကကြီးက ဆရာမ ကို လေသံအေးအေးလေးနဲ့ လှမ်းခေါ်လိုက်သည်။ ဆရာမ က ဘာလက်ဘုတ် ကို မျက်နှာမူထားရာမှ သူ့ကိုလှမ်းကြည့်သည်။ အတန်းသားအားလုံးကလည်း ဒီ ကောင်မို့ ဆရာမ ကို ခေါ်ရဲတယ်။ ထိုင်မှာ ဖြင့် ပြန်ထိုင်တာ မဟုတ်ဘူးဆိုတဲ့ အတွေ းတွေ နဲ့ သူ့ကို ကြည့်နေကြသည်။

"ပြော....ဘာလဲ... မောင်ကကြီး"

"သမိုင်းကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ ဆရာမ "

ကလေးပီပီ သိချင်တာကို မေးလိုက်ရသည်။

"History" ပေါ့

ထင်သည့်အတိုင်းပင် ဆရာမ ကလည်း

စိတ်ဆိုးနေတဲ့အသံဖြင့် ပြန်ဖြေသည်။

"ကျွန်တော် စဉ်းစားနေတာ ဆရာမ ရဲ့ "

"ဘာကိုလဲ"

ဘောင်းဘီကို ဆွဲတင်လိုက်ရတယ်။

နည်းနည်း လျှော့ကျနေတာကိုး။

"တကယ်တော့ သမိုင်းဆိုတာ "သူ့ရဲ ပုံပြင်" လို့ အဓိပ္ပာယ်ရှိပုံရတယ် ဆရာမ "

ဆရာမ တွေ ဝေသွားသည်။နောက်ပြီး စိတ်တိုသွားပုံရပြီး ကြိမ်းလုံးကို ဝင့်ကာပြ၏ ။ လျှာမ ရှည်နဲ့ ပြန်ထိုင်ဆိုတဲ့ အဓိပ္ပာယ်ပါ။ လျှာမရှည်ပေမယ့် ဆရာမ ကိုင်ထားတဲ့ကြိမ်လုံးက ရှည် နေတာကြောင့် ကကြီးပြန်ထိုင်လိုက်ရသည်။

"မင်းကလည်း ထိုင်မှာ ဖြင့် ပြန်ထိုင်တာမဟုတ်ဘူး လေကြောင်းရှည်တယ်၊တော်

ကြာ ရိုက်ခံနေရဦးမယ် "

ကကြီးသူငယ်ချင်းက ကကြီးကို တိုးတိုးလေးပြောသည်။

ကကြီးကလည်း လေသံကို တိုးလိုက်ကာ...

"ဟ...ငါက အကောင်းပြောတဲ့ဟာကို"

"ဘာကိုလဲ"

"History ကိုလေ"

"အာ...အဲ့ဒီ History ကဘာ ဖြစ်လို့လဲ"

ကကြီးက သူ့ရှေ့ကစာအုပ်ပေါ်မှာ တစ်ဆုံတစ်ခု ကောက်ခြစ်လိုက်ရင်း...

"History ကို ဒီလိုရေး ကြည့်ပါလား၊ His story လို့ ရေး လို့ရတယ်၊ အဓိပ္ပာယ် ကတော့ သူရဲ့ ပုံပြင်တဲ့၊ ဘာပဲပြောပြော ငါတို့သင်နေရတာ ပုံပြင်တွေ

ပါကွ၊ တကယ် ဖြစ်ပျက်ခဲ့တဲ့ ပုံပြင်တွေ လေ၊ ပုံပြင်ဆိုတဲ့အတိုင်း စိတ်ကူးယဉ်ဆန်တဲ့ဟာတွေ လည်း နည်းနည်း ပါတာပေါ့ကွာ၊ အင်းလေ... ပြောသာပြောနေရတယ် ဘဝဆိုတာလည်းပုံပြင်ပါပဲ”

သူငယ်ချင်းက နှာခေါင်းရှုံ့ပြသည်၊ ကလေးပီပီ ကလေးစကားမပြောဘူး ဆိုတဲ့ပုံစံပါ။

ကကြီးလည်း ငြိမ်နေလိုက်ရသည်။

ဆရာမ ကတော့ စာအုပ်ကြီးတကိုင်ကိုင်နဲ့ စာတွေ ဆက်ရှင်းနေလေရဲ့ ။ တွေ းကြည့်တော့ စာအုပ်ဆိုတာကလည်း အင်္ဂလိပ်လို Book လို့ခေါ်သည်။

တစ်လုံးချင်းစီလုပ်ကြည့်တော့...

Boo= လှောင်ပြောင်သရော် အော်ဟစ်သံ၊ အလန့်တကြား ဖြစ်အောင်အော်သံ၊

လှောင်ပြောင်အော်ဟစ်သည်။ သရော်အော်ဟစ်သည်။

Ok = သဘောတူသည်၊ ထောက်ခံသည်။

ဒီလိုနဲ့ ကကြီးလည်း သူရေး ထားတဲ့ အဓိပ္ပာယ်တွေ ကို ကြည့်ပြီး “ဘာကြီးက ဘာကြီးပေါ့” ဆိုတဲ့ “ဘာဆိုလားပဲ” အတွေ းမျိုး တွေ လျှောက်တွေ း နေလိုက်သည်။

စာအုပ်တွေ ထဲမှာ ဘဝဆိုင်ရာ လှောင်ပြောင်ခံရမှု တွေ ၊ အော်ဟစ်မှု တွေ ၊ အံ့သြမှု တွေ ပါတယ်။ ဒါတွေ ကို လူတွေ ကဖတ်ပြီး တချို့ ဟာတွေ ကို သဘောတူထောက်ခံတယ်။ အတုယူတယ်။ ဒါပါပဲ…စာအုပ်ဆိုတာ။ စသည်ဖြင့် ဘာညာကွိကွတွေ ကို ကကြီး ဆက်တွေ း နေလိုက်တာပေါ့။

******

(၂)

“သမီး…ညို့သူ၊ အိမ်ရှေ့ထွက်လာခဲ့စမ်း”

အိမ်ရှေ့မှ မေမေ၏ အော်သံကြောင့် အခန်းထဲမှ ပြေးထွက်လိုက်သည်။ မေမေ့လက် ထဲမှာလည်း ညို့သူ၏ ကျောင်းစာအုပ် ကိုင်ထားသည်ကိုတွေ့လိုက်ရသည်။

“ဘာပြောမလို့လဲ မေမေ”

မေမေက သူမကို မျက်မှောင်ကုတ်ကြည့်ပြီး…

“ညဦးရဲ့ စာအုပ်ထဲမှာ ဘာတွေ ရေးထားတာလဲ”

မေမေက ညှိသူစာအုပ်များ ကို ဟိုလှန်ဒီလှန်လုပ်လေ့ရှိသည်။ တစ်ဦးသော သမီးဆိုတော့ ရည်းစားစာတွေ ဘာတွေ များ ရှာတွေ့မလားဆိုတဲ့ပုံစံနဲ့ပါ။

"ဘာကိုပြောတာလဲ မေမေ"

"ဒီမှာ လေး နင်ရေး ထားတာ လာကြည့်စမ်း"

ညို့သူမှာ သူ့အမေလက်ထဲမှ စာအုပ်ကို ကမန်းကတန်းယူကြည့်လိုက်ရသည်

အချစ်ဖော်မြူလာ

အသက်အရွယ်အလိုက် မိန်မများ အပေါ် ယောက် ကျာ်းများ ကအထင်ကြီးချစ်ခင်မှု ရာခိုင်နှုန်းများ ...

(၁၆)နှစ် - အလှအပ (၈၀%)နှစ်

စိတ်ပိုင်းဆိုင်ရာ အညှ အခရာ(၂၀%)ကယောက်ျား

များ ကို အထင်ကြီးချစ်ခင်စေသည်။

(၃၀)နှစ် - အလှအပ (၅၀%)

စိတ်ပိုင်းဆိုင်ရာ အညှအခရာ (၁၅%) ဉာဏ်ရည်

ဉာဏ်သွေး(၁၅%) ရုပ်ပိုင်းဆိုင်ရာ အညှ

အခရာ(၁၀%)နှစ် စေတနာ ကောင်း

ခြင်း သို့ ပေးကမ်းစွန့်ကြဲတတ်ခြင်း

(၁၀%)တို့ကယောက်ျားများ ကို အထင်ကြီး

ချစ်ခင်စေသည်။

(၅၀)နှစ် - စေတနာကောင်းခြင်း (သို့ )

ပေးကမ်းစွန့်ကြဲတတ်ခြင်း (၄၀%) ဉာဏ်ရည်

ဉာဏ်သွေး (၄၀%)အလှအပ (၁၀)နှစ်

ရုပ်ပိုင်းဆိုင်ရာ အညှအခရာ

(၁၀%) တို့ရှိရပါမည် ။

ဤအသက်အရွယ်တွင် ယောကျာ်းများ အတွက်

စိတ်ပိုင်း ဆိုင်ရာ အညအခရာများ

မလိုအပ်ပါ။

"ဒါ...ဒါဘာတွေ လဲ"

မေမေက ညှိသူကို

အလန့်တကြားပြောပါတော့သည်။ ညှိသူ ကတော့

အေးဆေးပါပဲ။

"ဪ မေမေရယ် ဒါက ပြင်သစ်ပြည်မှာ

သုတေသန လုပ်ထားတဲ့ အချစ် ဖော်မြူလာလေ"

"အဲ့ဒါတွေ ညည်းစာအုပ်ထဲ ဘာ ဖြစ်လို့ရေး

ထားတာလဲ"

"ဟား...မေမေကလည်း သိချင်လို့ပေါ့"

“ညည်းနော်...ညည်း ရည်းစားတွေ ဘာတွေ ရှိနေပြီလား”

“မရှိသေးပါဘူး မေမေကလည်း သဘောကျလို့ကူးထားတာပါ”

“ဒါဆိုလည်း ပြီးရော နင်မှာ ရည်းစားတွေ ဘာတွေ ရှိနေရင်လည်း ငါ့ကိုပြောဦး”

“အင်းပါ”

ညှိသူက မေမေ့ရှေ့မှ ထရန် ဟန်ပြင်လိုက်သည်။

“ ဟဲ့...နေဦး”

“ဘာလဲမေမေ”

“နင့်ထဲမှာ ပါတဲ့ရုပ်ပိုင်းဆိုင်ရာ အညှအခရာ ဆိုတာ ဘာကိုပြောတာလည်း”

"အာ......သမီးလည်း ဘယ်သိမလဲ၊ နေပါဦး မေမေက ဘာလုပ်မလို့လဲ"

"အဲ့.....ဟုတ်ပါဘူး သိချင်လို့"

"မေမေနော် ဟွန်း...မသိရင်ခက်မယ်"

ညှိသူလဲ ခပ်တည်တည်ပြောခဲ့ကာ မေမေရှေ့မှ ပြေးထွက်လာခဲ့သည်။ မေမေ ကတော့ ပွစိပွစိနှင့် ကျန်ခဲ့၏ ။

ဤသို့သော ကောင်လေးနှင့် ကောင်မလေးတို့သည် တက္ကသိုလ်

တစ်ခုတွင် သွားဆုံကြသည်။

ထုံးစံအတိုင်း ကောင်လေးကပဲ ကောင်မလေးကိုစကြိုက်သည်။

ဤကိစ္စမှာ မဆန်းချင်သော ကောင်လေးက

Saving screenshot

ကောင်မလေးကို

ရည်းစားစကားလိုက်ပြောသည်။

ထိုရည်းစားစကားသည် နောင်တွင်
ကျောင်း၌ ပြောစမှတ် ဖြစ်လောက်

အောင် တွင် ကျယ်သွားသော
ရည်းစားစကားပြောခြင်း၏ နေ့တစ်နေ့

ဖြစ်လာခဲ့ သည်။

******

(၃)

"ဟဲ...ဟဲ"

နောက်ကလူသည်

Saving screenshot

ညို့သူနောက်ကိုလိုက်နေသည်မှာ အတော် ကြာနေပြီ ဖြစ်သည်။ ဘာစကားမှလည်းမပြော၊ သူမနောက်ကသာ လိုက်နေခြင်း ဖြစ်သည်။ ညို့သူက လှန်းကြည့်လျှင် ‘ဟဲ...ဟဲ’ ဟုရယ်ပြလိုက်၊ ‘အင်း.......အင်း’ ဟုခေါင်းကလေး ညိတ်ကာညိတ်ကာ လုပ်ပြလိုက်နှင့် ဖြစ်နေသည်။

ထိုလူကသူမကို ဘာမှမပြော၍ သူမမှာလည်း ဘာမှပြန်ပြောခွင့်မရ။ ညို့သူနောက် ခပ်လှမ်းလှမ်းမှသာ လိုက်လာနေခြင်း ဖြစ်သည်။ နောက်ကလိုက်လာသော သူသည် ရည်းစား စ ကား ပြောတော့ပြောမည် ဆိုတာကို ညို့သူကလည်း သိနေသည်။ အခုထိ ဘာမှမပြောသေး၍ သူမကလည်း ဘာမှပြန်ပြောခွင့်မရဘဲ ဖြစ်နေရသည်။

“အစ်မ...စာရွက်”

Saving screenshot

ကလေးလေး တစ်ယောက် ၏ အသံကြောင့် သူမ လန့်သွားသည်။ ကြော်ငြာ လက်ကမ်းများ ဝေသော ကောင်လေး ဖြစ်သည်။ ညိသူလက်ထဲသို့ ကြော်ငြာစာရွက်လေး လှမ်းပေးသည်။ ညိသူကလည်း နောက်ကလိုက်လာသော သူကို တစ်ချက် ကြည့်လိုက်ပြီး ကြော်ငြာစာရွက်အား လှမ်းယူလိုက်သည်။ ထို့နောက် ခပ်သွက်သွက်လျှောက်လိုက်၏ ။ နောက်လူကလည်း ခပ်လှမ်း လှမ်းမှလိုက်လာပြန်သည်။ လမ်းလျှောက်နေရင်း ဘာမှလုပ်စရာမရှိ၍ ကြော်ငြာစာရွက်အား ဖြန့်ကြည့်မိသည်။

“ဘာကြော်ငြာပါလိမ့်”

ကြော်ငြာစာရွက်ကိုကြည့်ပြီး ညိသူမှာ အူကြောင်ကြောင် ဖြစ်သွားသည်။ ကြော်ငြာ စာရွက်တွင် အောက်ပါပုံတစ်ပုံနှင့် စာအချို့ သာပါ၏ ။

‘မိန်းမဆိုတာ’ ဟု ခေါင်းစဉ်တပ်ထားပြီး နံပါတ်(၁)ဟုအမှတ်စဉ်တပ်ကာ ပုံနှင့် စာ အချို့ အား တွေ့ရ၏ ။

အကြောင်းအရာတစ်ခုတည်းကိုပဲ တစ်ချိန်တည်းမှာ ငိုလည်းငိုတယ် ရယ်လည်းရယ်တယ်



အကြောင်းအရာတစ်ခုတည်းကိုပဲ
တစ်ချိန်တည်းမှာ
ငိုလည်းငိုတယ်
ရယ်လည်း ရယ်တယ်

Saving screenshot

“ဘာလဲဟ”

ဟု ရေရွတ်လိုက်ရင်း ခပ်လှမ်းလှမ်းသို့ရောက်သော အခါတွင် နောက်ထက်ကြော်ငြာ လက်ကမ်းကောင်လေးအား တွေ့ရပြန်၏ ။ ကြော်ငြာလက်ကမ်းကို လှမ်းယူလိုက်သည်။

ထိုကြော်ငြာတွင် လည်း နံပါတ်(၂)ဟုရေး ထားပြီ...



ပြိုင်ပွဲတော့ ဝင်မပြိုင်ကြဘူး

ဒါပေမဲ့

အမြဲတမ်းတော့ နိုင်တယ်

ညိုသူမျက်မှော က်ကြုတ်လိုက်သည်။

Saving screenshot

ဘာကြော်ငြာတွေ လဲပေါ့၊ အနောက်ကလူကိုလည်း တစ်ချက်လှမ်းကြည့်ရသေး၏ ။သူကထုံးစံအတိုင်း အဟီး ဟု ရယ်ပြနေသေးသည်။ပုံစံ ကတော့ ခပ်ချောချောပါ။ညှိသူကလည်း ရှေးခေတ်တုန်းကတည်းက ဒိတ်အောက်နေပြီ ဖြစ်သော ရည်းစား စကားလိုက်ပြောတာကို သိပ်လက်ခံတတ်သူမဟုတ်သော ကြောင့် “ညှိသူ… နင့်ကို ငါသိပ် ချစ် တာပဲ ဘာညာနဲ့ လာပြောရင် မချစ်ရေး ချ မချစ်ဟု ဆုံးဖြတ်ထားလိုက်သည်။

“ရော့… အစ်မ”

လာပြန်ပြီ…နောက်ထက် ကြော်ငြာတစ်ခု…။

သူမဖက်ကြည့်မိပြန်သည်။ နံပါတ်(၃)ဟု တပ်ထား၏ ။

Saving screenshot



သူတို့က
အိမ်ကို နေသားတကျ
သပ်သပ်ရပ်ရပ်လည်း လုပ်ထားတတ်သေးသည်။

သူတို့ကအိမ်ကို နေသားတကျ သပ်သပ်ရပ်ရပ်လည်း လုပ်ထားတတ်သေးသည်။

ခပ်ဆန်းဆန်းတော့ ခပ်ဆန်းဆန်းဟု ညှို့သူစိတ်ထဲ ဒွိဟ ဖြစ်လာသည်။ ဖိနပ် ကြော်ငြာလားဟုပင် တွေးမိသေးသည်။

မ ဖြစ်နိုင်...။

ဤသို့ဖြင့် သူမထင်သည့်အတိုင်းပင်

Saving screenshot

နောက်ထပ်ကြော်ငြာလက်ကမ်း ကောင်လေးနှင့် တွေ့ပြန်၏ ။

ကောင်လေးက မပေးခင် သူမက...

"ပေး"

ဟုတောင်းလိုက်၏ ။

ကောင်လေးက ကြောင်တောင်တောင်နှင့် လှမ်းပေး၏ ။ ဒီတစ်ခါတော့ နံပါတ်လေး ဖြစ်၏ ။

လမ်းလျှောက်ဖော်လေး



# လမ်းလျှောက်ဖော်လေး

ညှို့သူသဘောကျသွားသည်။

အဓိပ္ပာယ်ကိုလည်း နားလည်သလိုလိုရှိလာသည်။

မိန်းမဆိုတာ... ဒီလိုလေးတွေ ပါလားဟု တစ်ယောက်

ယောက် က ကတ်သီကတ်သက်လုပ်ထားပြီး

Saving screenshot

လိုက်ဝေနေပုံရသည်။

နောက်ကို မသိမသာလှည့်ကြည့်မိ၏ ။ ထိုသူ ပါလာနေသေးသည်။ ဘာလိုက် လုပ် တာလဲ။ အခုထိလည်း ရည်းစားစကားမပြောသေးဘူး စသည်ဖြင့် တွေ :နေတုန်း နောက်ထပ် ကြော်ငြာ လက်ကမ်း:တစ်ခု ရပြန်၏ ။

“ ဟင် ”

ဒီတစ်ခါ ကြော်ငြာက မိန်းမဆိုတာ ဘာဆိုတာတွေ မဟုတ်တော့...။ စာတစ်ကြောင်း တွေ .ရ၏ ။ အနောက် အကိုကြီးက အစ်မကိုချစ်လို့.တဲ့။

ညို့သူပြုံး လိုက်မိသည်။ ဒါဆို ဒီကြော်ငြာတွေ က အနောက်က လိုက်လာသူရဲ့ လက်ချက်ပေါ့။

အဟင်း...ဟင်း၊ ဒီလိုမျိုး နဲ့တော့

Saving screenshot

ဘယ်ရမလဲ။ မသိချင်ယောင်ဆောင်နေမှ ဟုဆိုပြီး ခပ်တည်တည်လုပ်ကာ ဆက်လျှောက်သွားလိုက်သည်။ နောက်ကိုလည်း လှည့်မကြည့်တော့။

“လာပြန်ပြီ”

ရှေ့တွင် လက်ကမ်းဝေနေသော နောက်တစ်ယောက် ကို တွေ့ရပြန်သည်။ သူမ ယူပြီး ကြည့်လိုက်သည်။

“အဲ့ဒါ အစ်မအနေနဲ့ နောက်ကလေး ဘာလေး လှည့်ပြီး…”

“ရှင်…ဘာအချိုး ချိုး တာလဲ” တွေ ဘာတွေ ပြန်ပြောပါလား၊

“အစ်မကလည်း…”

ညို့သူ ရယ်ချင်သွားသည်။ နောက်ကလူကိုလည်း စိတ်ဝင်စားသွားသည်။ ဒါဆို သူ

လှည့်မပြောမချင်း ရှေ့မှာ တစ်စောင်ပြီး တစ်စောင်တွေ ့နေရတော့မည် ။ ထိုအခါ သူမက နောက်ကလူကို လှည့်ပြီး တော် ကီနည်းနည်း ပစ်ရတော့မည် ။ သို့ သော ရှေ့တွင် လာမည့် လက်ကမ်းမှာ ဘာရေး ထားလဲတော့ သိချင်သေး၏ ။ ထို့ကြောင့် နောက်ထပ် လက်ကမ်း တစ်ခုရတော့ ကမန်းကတန်းကြည့်မိ၏ ။

"အဟင်း...အမက လှည့်မကြည့်တော့"

"အနောက်က အကိုကြီး ငိုနေပြီပေါ့..."

"အစ်မသိပ်ရက်စက်တယ် ခေါ်တော့ဘူး..."

သူမ အားရပါးရ ရယ်မိတော့သည်။

ထို့ကြောင့် သွားနေသော ခြေလှမ်းများ ကို ရပ်လိုက်ပြီး နောက်က လူကို လှည့်ပြီး မေးလိုက်သည်။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

Saving screenshot

“ကောင်းကင်ကိုကိုပါ၊ ဒါပေမဲ့ ခင်တဲ့လူတွေက နာမည် ရှည်လို့ဆိုပြီး ‘ကကြီး ‘လို့ပဲခေါ် ကြပါတယ်

“ရှင့်ကိုတော့ ကျောင်းမှာ ကျွန်မ မြင်ဖူးပါတယ်”

“ဟုတ်ပါတယ်၊ ကျွန်တော် ကလည်း မြင်ဖူးအောင် နေပါတယ်။”

“ရှင်က ကျွန်မကို စကားပြောချင်တာလား”

“အင်း”

“ဒါဆို အခုတော့ မပြောနဲ့ဦးရှင်၊ ကျွန်မက အဒေါ်အိမ် ဝင်ရတော့မှာ ”

“ဟုတ်”

“ဒီတော့… မနက်ဖြန် ကျွန်မကောင်းတင်းမှာ ရှိမယ်၊ ရှင်လာခဲ့ပေါ့၊ ဘယ်လိုလဲ”

Saving screenshot

“အိုကေ...လာခဲ့မယ်”

******

(၄)

“ကျွန်မနာမည် က ညိုသူချော ရှင့်၊ အားလုံး ကတော့ ညိုသူလို့ပဲခေါ်တယ်”

“ဟုတ်ကဲ့ .... သိပါတယ်”

ကကြီးနှင့် ညိုသူတို့ ကင်းတင်းတွင် နှစ်ယောက် တည်း ရှိနေကြခြင်း ဖြစ်သည်။ ညိုသူက ကကြီးကို မနေ့ကချိန်းလိုက်သော ကြောင့် ကကြီးက ဒီနေ့ တန်းတန်းမတ်မတ် ရောက်လာခြင်း ဖြစ်သည်။

“ရှင်က ကျွန်မကို ချစ်တာလား”

"ဟုတ်ကဲ့"

အင်တာဗျူး တစ်ခု နှင့် တစ်ခု တူနေသည်။ သို့သော် ကကြီးကလည်း ကကြီးပဲ...။

ညှိသူကလည်း ညှိသူပဲလေ...။

မခေကြပါဘူး။

"ဘယ်လိုချစ်တာလဲ"

"မပြောတော့ မပြောတတ်ဘူးဗျ"

"ဟော်တော့် "

ညှိသူက အံ့သြဟန်လေး လုပ်ပြသည်။

ကကြီးကလည်း သူ့ရင်လေး သူဖိပြ၏ ။

နှစ် ယောက် သား ရယ်မိကြသည်။ ရင်းနှီးသလိုလည်းခံစားလိုက်ရသည်။

" ဒီလိုလုပ်ရှင်"

"ကဲပြော...ဘယ်လိုလုပ်ရမတုန်း"

ညို့သူ ကြောင်သွားသည်။ ဘယ့်နှယ် စကားပြောတာ

"မတုန်း" ကြီးက ပါလာရတာ လဲလို့...။

ဟုတ်တော့ ဟုတ်နေပါပြီ

ကကြီးကလည်း သူမနှင့် တန်းတူ စကားပြောနိုင်သော လူ တစ်ယောက် ဖြစ်ကြောင်း ရိပ်မိလိုက်သော ကြောင့် ဖြစ်သည်။

အခြားရည်းစားစကားလိုက်ပြောသူတွေ လို J.Q. မနိမ့်ကြောင်းသိလိုက်ရသည်။

"ထုံးစံအတိုင်း မိန်းကလေးတွေ လုပ်တတ်သလိုမျိုး ကျွန်မကလည်း ကျွန်မရဲ့ ရည်းစား ဟာ ဘယ်လိုပုံစံတွေ နဲ့ ပြည့်စုံရမယ် ဆိုတာတွေ ဘာတွေ ကို သက်မှတ်ထားတယ်ရှင့်"

“ဟုတ်လား ကောင်းတာပေါ့ ဘယ်လိုမျိုးတွေ လဲ၊ ကျွန်တော် နဲ့ ကိုက်မယ် ထင်တယ်”

ကကြီးက မချိုမချဉ် ပြန်ပြောသည်။

ညိုသူကလည်း မဲ့လိုက်ပြီး…

“ဒီလိုရှင့်”

“အင်း”

ကျွန်မကို ချစ်တဲ့လူဟာ ကျွန်မပြောပြတဲ့ ပုံပြင်ထဲကကောင်မလေးကို လိုက်နိုင် ရ မယ်။

“ဘယ်လို”

ညိုသူ “စား” ပြီ ဟု ကကြီးသိလိုက်ရသည်။

သို့ သော် လည်း ကိုယ်က ချစ် နေ သော ကြောင့် အစားခံရမှာ ပဲဟု တွေ းကာ ငြိမ် နေ လိုက်သည်။

“ဒီလိုလေ ကျွန်မကပုံပြင်စပြောပြမယ်။ ကောင်မလေး တစ်ယောက် ပါမယ် ကျွန်မ ညီမ ပဲထားလိုက်ပါတော့”

“အင်း”

“အဲ့ဒီပုံပြင်ထဲက ကောင်မလေးက ရှင့်ကို ပြန်ကြိုက်အောင် ကြိုး စားရမယ်၊ ကျွန်မ ပြော တဲ့ ပုံပြင်ထဲက ကောင်မလေးက ရှင့်ကိုပြန်ကြိုက်ရင် အပြင်မှာ ရှိတဲ့ ကျွန်မညီ့သူချောကလည်း ရှင့်ကိုပြန်ချစ်မယ်ရှင့် ဘယ်လိုလဲ”

ကကြီး စိတ်ဝင်စားသွားသည်။

“ပုံပြင်ကအရှည်ကြီးပေါ့”

“ဟုတ်တယ်၊ အတန်းအားတဲ့ အချိန်တွေ မှာ ပြောကြတာပေါ့၊ ရှင်လည်း အားတဲ့ အချိန် ကျွန်မလည်းအားတဲ့အချိန်လေ၊ ဘယ်လိုလဲ”

ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ညှိသူနှင့် ထိုင်စကားပြောနေ ရတာ ကိုက အ မြတ်ပဲဟု ကကြီးတွေ းလိုက်သည်။

ညို့သူကလည်း ဘာရယ်ညာရယ်မဟုတ် အပျင်းပြေလျှောက် ပြောလိုက်ခြင်း ဖြစ်သည်။

ပြောရင်း ပြောရင်း ပျင်းလားရင် အဟင်း ကိစ္စရှိလို့ ဘာညာတွေ လုပ်ကာ လျှောက် ပစ်လိုက်မည် ဟု စဉ်းစားထားသည်။

"ညှိသူနဲ့ ရည်းစား ဖြစ်ရမယ့်သူရဲ့ လိုအပ်ချက် ဆိုရင်တော့ ကျွန်တော် ညှိသူပြောတဲ့ ပုံပြင်ထဲက ကောင်မလေးကို လိုက်ပါမယ်"

"အဟဲ...ဒီလိုမှပေါ့"

"ဒါဆို ဘယ်တော့ စမလဲ"

"မနက်ဖြန် စမယ်"

“အိုကေ…မနက်ဖြန် အတန်းပြီးရင်
ဒီကင်းတင်းက ဒီခုံကိုပဲ ကျွန်တော် လာခဲ့မယ်”

“ ကောင်းတယ် ကျွန်မစောင့်နေမယ်”

ကကြီး ထလိုက်၏ ။

ညိုသူကလည်း ကကြီးကို နှုတ်ဆက်သည်။

ပန်းရောင် ဝမ်းဆက်လေးနှင့် လှနေသော
ညိုသူကို တစ်ချက် ကြည့်လိုက်ပြီး ဆိုင်ထဲမှ
လှည့်ထွက်ခဲ့လိုက်သည်။

ပုံပြင်တစ်ပုဒ် စခဲ့လေပြီ…။

******

Hi

စာမျက်နှာ တစ်ခုအား

Saving screenshot

စတင် နှုတ်ဆက်လိုက်သည်။

******

(၅)

“ကဲ…ပုံပြင်ထဲက ကောင်မလေးနာမည် က ဘယ်သူတဲ့လဲ”

“ပုံပြင်ထဲက ကောင်မလေးက ကျွန်မနဲ့ဆင်တဲ့ ကျွန်မညီမဆိုတော့ ဖြူသူလှလို့ ပေးလိုက် မယ်”

“ကောင်းတယ်၊ ညှိသူချော၊ ဖြူသူလှ” အဟဲ… ကြော်ငြာနေသလိုပဲနော်

Saving screenshot

“ဒီလိုပဲပေါ့၊ ကဲ...ထားပါလေ၊ စတော့မလား”

“ ရယ်ဒီပဲ၊ သူကို ကျွန်တော် က ဘယ်မှာ စတွေ့ရမှာ လဲ”

ကကြီးက အသင့်အနေအထား ပြင်လိုက်သည်။

ညှိသူက...

“အသုဘတစ်ခုမှာ ”

ဟုစပြောသည်။ ကကြီးက မျက်မှောင်ကြုတ်လိုက်ပြီး...

“အား...ကဗျာမဆန်လိုက်တာဗျာ”

“ဟင်...ရှင်ကဘာသိလို့လဲ၊ အခုသူလိုက်ပို့နေတဲ့ အသုဘက ထူးထူးဆန်းဆန်း အသုဘ ရှင့်”

"ရော်...ဟုတ်လား"

"အခုသူလိုက်ပို့ရတဲ့ အသုဘက ဆိုင်းသံမုံသံတွေ နဲ့ လိုက်ပို့ရတဲ့ အသုဘ ဖြစ်နေတယ်။ အားလုံးကခုံ ပျော်လို့ရွှင်လို့ပေါ့၊ အဲ့ဒီ မှာ ရှင်က သူ့ကိုရည်းစားစကားပြောရမှာ "

ကကြီး ခေါင်းကုတ်ရလေပြီ။

"အဲ့ဒါဘယ်သူ့ အသုဘလဲဗျ"

"သူတို့မြို့ က လူ တစ်ယောက် ရဲ့ အသုဘပါ၊ ထူးထူးဆန်းဆန်းလူကြီးလို့ ဖြူသူလှ အပါ အဝင် တစ်မြို့ လုံးက လက်ခံထားတဲ့ လူကြီး လေ"

" သူက ဘယ်လိုထူးဆန်းတာလာလဲ"

" နေ့တိုင်း တယောထိုးတယ်တဲ့"

"ဒါနဲ့ပဲ ထူးဆန်းရောလာ"

"ဟာ.... ရှင်ကဘာသိလို့လဲ၊ သူ တယောထိုးပြတဲ့သူတွေ က လူမဟုတ်ဘူး"

"ဒါဆို ဘယ်သူတွေ တုံး"

"အပင်တွေ နဲ့ သူမွေးထားတဲ့ တိရစ္ဆာန်တွေ ကို ထိုးပြတာ"

" ဟင် "

" သူ နေ့တိုင်း၊ တယောထိုးတောကို လူတိုင်းတွေ့ရတယ်။ ဘယ်သူ့ကို တယောထိုးပြနေတာလဲ မေးတော့ သူစိုက်ထားတဲ့ အပင်တွေ နဲ့ တိရစ္ဆာန်တွေ လို့ ပြန်ပြောတယ်"

" သူက စိုက်ပျိုးမွေးမြူရေး လုပ်တာလား"

"ဟုတ်တယ်"

"ဟာ ဒါဆို သိပ်မထူးဆန်းပါဘူးဗျ"

"ဟုတ်လို့လားရှင်"

ညို့သူက ခနဲ့တဲ့တဲ့ပုံစံဖြင့် ပြန်ပြောသည်။

ကကြီး ကတော့ မှင်သေသေဖြင့် နေပြီး...

"တစ်ခါတုန်းက အိန္ဒိယပြည်မှာ ရှိတဲ့ နွားခြံတွေ ကို နိုင်ငံတကာအဖွဲ့က လိုက်စစ်ဆေး တယ်တဲ့ "

"အင်း..."

"အဲဒီ မှာ အဘိုးကြီး တစ်ယောက် ပိုင်တဲ့ နွားခြံဟာ အခြားနွားတွေ ထက် နွားနို့အများ ကြီး ထွက်တယ်လို့ အဲဒီ အဖွဲ့က စစ်ဆေးတွေ့ရှိတယ်"

"အဲဒီ တော့ ....."

"အဲဒီ တော့ နွားအမျိုးအစားချင်းတူ၊ အစာကျွေးတာချင်း အတူတူတောင် ဒီနွားခြံက နွား တွေ

က ဘာကြောင့် နွားနို့ပိုထွက်လဲဆိုတာကို ထပ်မံစစ်ဆေးတယ်"

"အင်း..."

"ဘာသွားတွေ့ရလဲဆိုတော့ အဲဒီ ခြံပိုင်ရှင် အဘိုးကြီးက သူ့နွားတွေကို တူရိယာပစ္စည်း တစ်ခုခုနဲ့ နေ့တိုင်း ဖျော်ဖြေလေ့ရှိတယ်တဲ့"

"ဂီတကြောင့် သူတို့တွေ နှုးညံ့ပြီး ထုတ်လုပ်အား ပိုကောင်းလာတယ်ဆိုပါတော့"

"အင်းပေါ့၊ သစ်ပင်တွေလည်း ဒီအတိုင်းပဲ"

"ဟာ... ဒါဆို ရှယ်ပဲ"

"ဘာရှယ်တုံး"

ကကြီးက ညို့သူ့ကို မသင်္ကာသလိုမေးသည်။ ညို့သူကလည်း လက်ညှို

းလေး ကွေးလိုက် ဆန့်လိုက်လုပ်ရင်း....

"ကျွန်မတို့ရပ်ကွက်က ကိုသန်းတင်ကြီးရဲ့ မိန်းမကို သိလား"

"အား ....ဘယ်သိမလဲ"

"မသိလဲ သိလိုက်တော့"

"အင်း... ထားပါတော့၊ သူက ဘာ ဖြစ်လို့လဲ"

"သူက နို့မထွက်လို့တဲ့"

"သူက...."

"အဲဒီ တော့..."

"အဲဒီ တော့ ရှင်ကလည်း ဒုံးဝေးလိုက်တာ၊ အိမ်ပြန်ရောက်ရင် ကျွန်မက ကိုသန်းတင်ကြီး ခေါ်"

"ခေါ်ပြီးတော့..."

"ခေါ်ပြီးတော့၊ ဒီမှာ ကိုသန်းတင်ကြီး

ရှင့်မိန်းမ နို့ထွက်ချင်ရင် နေ့တိုင်း တူရိယာ တစ်ခုခု မှုတ်ပြလို့ ပြောလိုက်မှာ ပေါ့"

"အဲ...."

******

(၆)

"ကဲ ...ဒါဆို ရှင် သူ့ကို အသုဘမှာ ရည်းစားစကား ပြောတော့မှာ လား"

"နေဦး"

"မြုပ်ကွက်ရှိတယ်လို့ ခံစားရတယ်"

" ဘာကို"

"စပြောတဲ့ပုံပြင်ကိုက မြုပ်ကွက်ရှိတယ်လို့

ခံစားရတယ်"

"အဟင့်...ဟင်း"

ညှိုသူရယ်သံကြောင့် ကကြီးမှာ ပိုပြီးသင်္ကာမကင်း ဖြစ်သွားသည်။

"အကယ်၍ များ အဒီမှာ သူ့ကိုရည်းစားစကား ပြောလိုက်မယ်ဆိုရင် ဖြူသူလုက ကျွန်တော့ ကို တန်းငြင်းတော့မှာ ဗျ"

" ဟုတ်လား"

"ဘာ ဖြစ်လို့လဲဆိုတော့ သူက ဆိုင်းသံဗုံသံတွေ နဲ့ လိုက်ပို့ရတဲ့ အသုဘကို စိတ်ဝင် စားနေလို့လေ "

"ဟင်း...ရှင်က ကွက်ကျော်မြင်သားပဲ"

" မြင်ရမှာ ပေါ့၊ ခင်ဗျားက ပြန်ငြင်းဖို့

Saving screenshot

အသင့်ပြင်ထားတာကိုး"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ သူက အခု အသုဘကို စိတ်ဝင်စားနေတယ်၊ ဘာကိုမှ စိတ်ဝင်စားမှာ မဟုတ်ဘူးရှင့်"

"အသုဘကို ဘာကြောင့် အိုးစည်းသံတွေ နဲ့ လိုက်ပို့ရတာ လဲဗျ"

"ဪ...သိတဲ့အတိုင်းပဲလေ၊ လူထူးကြီးဆိုတော့၊ သူကို လိုက်ပို့တဲ့လူတွေ ပူဆွေးမှု မရှိအောင်၊ လူ့ဘဝကနေ ပျော်ရွှင်စွာ ထွက်ခွာသွားတယ်၊ ပြီးတော့လိုက်ပို့တဲ့လူတွေ ကလည်း ဒီလူကြီးဖြင့် လူ့ဘဝ ဒုက္ခတွေ က လွတ်ပြီးဆိုပြီး ပျော်နေကြတယ် ဆိုတဲ့ အဓိပ္ပာယ်တွေ နဲ့ လိုက်ပို့ ခိုင်းဖို့ မှာထားခဲ့တာပါတဲ့"

"ဪ...ကောင်းသားပဲ၊ အဓိပ္ပာယ်ရှိတယ်"

"အမိပ္ပာယ်ရှိတယ် လုပ်မနေနဲ့"

"ဘာ ဖြစ်လို့လဲ"

"ဖြူသူလှက တမလွန်လို့၊ သေပုံသေနည်းဆန်းတာတို့ကို စိတ်ဝင်စားတယ်ရှင့်"

" အဲ့ဒါ ဘာ ဖြစ်လဲ"

" အဲ့ဒါ ရှင်ဒုက္ခရောက်တာပေါ့ "

"ရော်"

"ဩော်...ရှင်ကမသိဘူးလား"

"ဘာကိုလဲ”

"အဲ့ဒီလိုမျိုး စိတ်ဝင်စားတတ်တဲ့ အမျိုးသမီးတွေ ဟာ အချစ်ရေး ကို စိတ်မဝင်စား တတ်ဘူးရှင့်"

"ဟင်း"

" ဒီတော့ ဖြူသူလုကို ရှင်က အချစ်ရေး စိတ်ဝင်စားအောင် လုပ်ပြီးမှ ရည်းစားစကား ပြောရတော့မယ် ရှင်တော့ ဒုက္ခပဲ”

"ဟာ...အဲ့ဒါတော့ ခင်ဗျား ညစ်တာပဲဗျ"

"အဲ့ဒါတော့ မပြောတတ်ဘူး၊ မနက်ဖြန်ကြမှပဲ ဖြူသူလုကို ဆက်လိုက်တော့၊ ဒီနေ့ တော့ ဒီလောက်ပဲ"

ညို့သူကထိုင်ရာမှ ထလိုက်သည်။ ကကြီးကလည်း မတတ်သာသည့်ပုံစံဖြင့် နှုတ်ဆက် လိုက်ရသည်။

******

(၇)

"ဖြူသူလှက ကိစ္စတစ်ခုကို
စိတ်ဝင်စားနေတယ် ရှင့်၊ အဲ့ဒါ ရှင်သိလား"

"ဟင့်အင်း...မသိဘူး၊ ပြောပြပါဦး"

"ဒီလိုရှင့်၊ သူတို့မြို့မှာ သူဌေးကြီး
တစ်ယောက် ရှိတယ်"

"အင်...ဟုတ်ပြီ"

"အဲ့ဒီသူဌေးကြီးမှာ ချောမောလှပတဲ့
သမီးသုံးယောက် ရှိတယ်"

"ဝွတ်ပဲ"

"တစ်နေ့ အဲ့ဒီသူဌေးကြီးက
သူ့သမီးသုံးယောက် ကို လက်ထက်ပေးချင်လာတယ်၊
အဲ့ဒါနဲ့ သူဌေးကြီးက စဉ်စားတယ်"

"ဘာကိုစဉ်းစားတာလဲ"

"လက်ထက်ပေးဖို့လေ"

"ဒါများ စဉ်းစားနေသေးတယ်၊ သမီးတို့ရေ နင်တို့မှာ ရည်းစားများ ရှိသလားကွယ်လို့ မေးလိုက်ရင် ပြတ်ကရော"

"ခက်တာက သူတို့မှာ လည်း ရည်းစားမရှိဘူးတဲ့"

"ရော်...အဲ့ဒါမှ ဒုက္ခ"

" ပြီးတော့ သူဌေးကြီးရဲ့ စိတ်ကူးတစ်ခုလည်း ရှိသေးတယ်ရှင့်"

"ဘာတဲ့လဲ"

"သူ့သမီး သုံးယောက် ကို သတို့သား တစ်ယောက် နဲ့ပဲ ပေးစားချင်တာ"

"ဟာ"

ကကြီး၏ 'ဟာ'ဆိုသည့်အသံက အားကျသံပါသည်။ စိတ်ဝင်စားဖို့လည်း ကောင်းလာသည်ဟု ထင်မိသည်။

"ဆက်...ဆက်ပါဦးဗျ၊ ကောင်းခန်းရောက်လာပြီ"

"ဒါပေမဲ့ သူ့သမီးသုံးယောက် ကိုလက်ထက်မယ့်သူဟာ ဉာဏ်ပညာနဲ့ပြည့်စုံရမယ်တဲ့"

"ဒါလည်း ဖြစ်သင့်ပါတယ်၊ သူကမိန်းမသုံးယောက် တောင် ယူရမှာ ကိုး"

"ဘာဆိုင်လို့လဲ"

ညိုသူက ဘုဆတ်ဆတ်ကလေး ပြန်မေးသည်။

"ဟ...ဆိုင်တာပေါ့၊" သူကမိန်မသုံးယောက်တောင် ထိန်းကျောင်းရမှာ လေး၊ သူများ တွေ မှာ

တစ်ယောက် နဲ့တင် မနိုင်မနင်း ဖြစ်နေတာ"

ညို့သူက ကကြီးကို မျက်စောင်းထိုး၏ ။

ကကြီးကလည်း မသိချင်ယောင်ဆောင်ပြီး ညို့သူစကားကို ဆက်နားထောင်လိုက်သည်။

ညို့သူကလည်း ဆက်ပြောသည်။

" ဒီတော့ သူဌေးကြီးက ဉာဏ်စမ်းလေးတစ်ခု လုပ်တယ်"

"နေပါဦး၊ သူဌေးကြီးက မြို့ မှာ လိုက်ကြေညာသေးလားဗျ"

"ဘယ်လို"

"ဩော်...တိုင်းသူပြည်သားတွေ ဘာညာ ဒူဟူဟူ ဆိုပြီးတော့"

"ဘာ"

Saving screenshot

ညှိသူ မကျေမနပ် ဖြစ်သွားပုံရသည်။

"ရှင် ဘယ်လိုလဲ၊ ဖြူသူလှကို ဆက်လိုက်ဦးမှာ လား"

"အဟဲ...စတာပါ၊ ခင်ဗျားကလည်း စိတ်ကြီးပဲ"

ညှိသူက နှုတ်ခမ်းလေးစူလိုက်သည်။

သိပ်ချစ်ဖို့ ကောင်းတာပဲဟု ကကြီးတွေ း ဖြစ်အောင် တွေ းလိုက်သေးသည်။

ဖြူသူလှကိုရမှပဲ ညှိသူချောကို တအားကြီးချစ်ပစ် လိုက်ဦးမည် ဟု တွေ းလိုက် သေး သည်။

အခုတော့ ပုံပြင်ဆက်နားထောင်ရဦးမည် ။ ပြီးရင်ဖြူသူလှကို ရည်းစားစကားလည်း ပြောရဦးမည် ။

"သူဌေးကြီး အစီအစဉ်က ဒီလိုရှင့်"

"အင်း...ပြောပါဦး"

"သူ့သမီး တစ်ယောက် စီကို

အိမ်တစ်လုံးစီမှာ အထိန်းတော် တစ်ယောက် နဲ့ သီးသန့် ထားမယ်"

"ဟုတ်ပြီ"

"ပြိုင်ပွဲဝင် သတို့သားဟာ ပထမသမီးအိမ်ကို အရင်ဝင်ရတယ်"

"ဟေ...ဟော့"

ကကြီးမှာ တက်ကြွလာသည်။

"ပြီးတော့ ပထမသမီးနဲ့ စကားနည်းနည်း ပြောပြီး ဒုတိယသမီးအိမ်ကိုထက်ဝင်ရမယ်"

"အဟော့"

ကကြီးမြူး နေတာကိုတွေ့၍ ညိုသူက မျက်စောင်းထိုး၏ ။

"ဒါပေမဲ့"

ညိုသူက စကားရပ်သွား၍ ကကြီးကမေးလိုက်သည်။

"ဘာ ဖြစ်လဲ"

"ဒါပေမဲ့ ပြန်ခါနီး မှာ ပထမသမီးဟာ ပြိုင်ပွဲဝင်သတို့သားလောင်းရဲ့ အိတ်ထဲကို ငွေ ထည့်ပေးလိမ့်မယ်"

"ဘယ်လောက်လဲ"

"သတို့သားလောင်းရဲ့ အိတ်ထဲမှာ ရှိတဲ့ ငွေအတိုင်း ဆတူငွေ ထည့်ပေးလိမ့်မယ်"

"အလို...ဘာလဲဟ"

"ပြီးတော့ သတို့သားလောင်းကလည်း ပထမသမီးရဲ့ အိမ်က ပြန်အထွက်မှာ သူမရဲ့ အထိန်းတော် ကို မုန့်ဖိုးတစ်ကျပ် ပြန်ပေးရမယ်တဲ့"

"အင်...နည်းနည်း တော့ ရှုပ်လာပြီ"

"လွယ်လွယ်နဲ့တော့ ဘယ်ရမလဲရှင့်"

"အင်းပါ၊ ဆက်ပါဦး"

"အဲ့ဒီလိုနည်းနဲ့ ဒုတိယသမီး၊ တတိယသမီးအိမ်တွေ ကိုဝင်၊ စကားနည်းနည်း ပြော၊ ပြန်ခါနီးမှာ သမီးတွေ က သတို့သားလောင်းရဲ့ အိတ်ထဲက ငွေအတိုင်း ဆတူငွေထည့်၊ သူကလည်း ပြန်ခါနီး မှာ အထိန်းတွေ ကို တစ်ကျပ်စီ မုန့်ဖိုးပြန်ပေးရတယ်"

"ပိုပေးလို့မရဘူးလား၊ တစ်ကျပ်ထဲ ပေးရမှာလား"

Saving screenshot

"ဟုတ်တယ်၊ တစ်ကျပ်ပဲပေးရမှာ၊ မပေးလို့လည်းမရဘူး"

"ထားပါတော့၊ နောက်ဆုံး ဘာ ဖြစ်ရမှာ လဲ"

"နောက်ဆုံး...တတိယသမီးအိမ်က ပြန်ထွက်ပြီး သူဌေးကြီးအိမ်ကို ပြန်ဝင်ရမယ်၊ အဲ့ဒီအခါမှာ ပြိုင်ပွဲဝင် သတို့သားလောင်းရဲ့ အိတ်ထဲမှာ ငွေတစ်ပြားမှ မကျန်စေရဘူးတဲ့၊ ဪ... အိမ်သုံးအိမ်ဝင်ပြီးလို့ သူဌေးကြီးဆီ ပြန်ရောက်တဲ့ခါ ပြိုင်ပွဲဝင်သတို့သားလောင်းဆီမှာ ငွေတစ်ပြားမှ မရှိစေရ၊ မကျန်စေရဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်"

ကကြီး ခေါင်းကုတ်လိုက်သည်။ ထိုနောက် သိချင်သည့် မေးခွန်းတစ်ခုကို အလျှင်အမြန်မေးလိုက်သည်။

Saving screenshot

"ဘာ ဖြစ်လို့ ဖြူသူလှက အဲ့ဒီကိစ္စကို စိတ်ဝင်စားနေရတာ လဲဗျ၊ သူနဲ့လည်းဘာမှ မဆိုင်ဘဲနဲ့"

******

(၈)

"သူ့မှာ မောင် တစ်ယောက် ရှိတယ်"

"သြော်..."

"အဲ့ဒီမောင်ကလည်း ညီမသုံးယောက်လုံးကို တစ်ပြိုင်တည်း ကြိုက်နေတယ်"

"ဟင်း...သူကလည်း လွန်လွန်းလိုက်တာ"

"သူ့မောင်လေးကို သူက ချစ်တော့

အဲ့ဒါတွေ ဘယ်မြင်တော့မလဲ"

"အင်းပေါ့လေ၊ ဟုတ်တာပေါ့၊ အဲ့ဒါနဲ့ ကျွန်တော် က ဘာလုပ်ပေးရမှာ လဲ"

"သူ့မောင်လေးကို အကူအညီပေးလိုက်ပေါ့"

"ဟား…ခင်ဗျား ကတော့လုပ်ပြီ"

"ဘာလဲ ရှင်က မလုပ်ချင်ဘူးပေါ့လေ"

"မဟုတ်ပါဘူး၊ ကူညီဖို့စဉ်းစားမလို့ပါပဲ"

"စဉ်းစားမနေနဲ့ နော်၊ အဲ့ဒါ ရှင့်အတွက် အခွင့်အလမ်းပဲရှင့်"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ရှင်က သူ့မောင်လေးကို ကူညီလိုက်ရင်ဖြူသူလှကရှင်ကို အထင်

ကြီးလာမယ်လေ"

"အင်...ဒါလည်းဟုတ်တယ်နော်"

"ရှင့်အတွက် ပထမ အဆင့်ပေါ့"

ကကြီးက သူ့ခေါင်းကိုနည်းနည်း အလုပ်ပေးလိုက် သည်။

"ကူညီမယ်ဗျာ"

"ဒီလိုမှပေါ့ရှင့်"

"ဒါပေမဲ့ သူဆီက ကတိတစ်ခုတော့ တောင်းရမယ်"

"ဘာကတိလဲ"

"အဲ့ဒီကိစ္စကို ဖြေရှင်းနိုင်ရင် ကျွန်တော် ခေါ်တဲ့ နောက်ကို သူခဏ လိုက်ရမယ် ဆို တဲ့ ကတိ"

"ရှင်နော် ရှင်"

Saving screenshot

ညှို့သူမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဟာ...ခင်ဗျားက ဘာတွေ တွေ းနေတာလဲ ကျွန်တော် က သူ့ကို အချစ်အကြောင်း စိတ် ဝင်စားလာအောင် ဆွဲဆောင်နေတာလေ"

"အဲ့ဒါနဲ့ ရှင်ခေါ်တဲ့နောက်ကို ဘာကြောင့် လိုက်ရမှာ လဲ"

"ပြီးမှကြည့်လေဗျာ၊ အခု ဘယ်လိုလဲ ကတိပေးမှာ လား"

ဒီတစ်ခါ ညှို့သူခေါင်းစားတဲ့ အလှည့် ဖြစ်သည်။

"ကောင်းပြီးလေ၊ မဟုက်ကဟုက်ကနေရာ မဟုတ်ရင်တော့ လိုက်မယ်တဲ့"

"ဘယ်သူကပြောတာလဲ"

"ဖြူသူလှက ပြောတာလေ"

"ဟား...ဟား"

နှစ် ယောက် သား တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်လိုက်ကြသည်။ ရင်းနှီးသွားသလို ခံစားလိုက်ရ၏ ။ ဘေးဝိုင်းမှလူများ ကလည်း တစ်ချက်တစ်ချက် လှည့် ကြည့် ကြသည်။ ထိုနောက် တိုင်ပင်ထားခြင်းမရှိပါဘဲနဲ့ နှစ် ယောက် စလုံး ကင်းတင်းမှ ထွက်ခွာ လိုက် ကြသည်။

******

(၉)

"အဲ့ဒီသူဌေးကြီးခေတ်က ဘာငွေကြေးတွေ သုံးလဲဗျ"

"ကျပ်၊ ပဲ၊ ပိုင် ငွေကြေးတွေ သုံးတယ်။ တစ်ကျပ်မှာ ဆယ့်ခြောက်ပဲရှိပြီး တစ်ပဲမှာ လေး ပြား ရှိတယ်။ပြီးတော့ တစ်ပြားမှာ သုံးပိုင်းရှိပြန်တယ်"

ညိုသူလှက အမြင်ကတ်စရာမျက်နှာပေးဖြင့် ကကြီးကိုကြည့်နေသည်။ ကကြီးကလည်း အသည်းအသန် စဉ်းစားနေရသည်။

ဖြူသူလှရဲ့ မောင်လေးကို ဘယ်လိုကူညီရမလဲပေါ့...။

"ဘယ်လိုလဲ ရှင်ကူညီတော့မှာ လား"

"နေဦးဗျ"

"ဘာ ဖြစ်လို့လဲ"

"အဲ့ဒီသူဌေးကြီးပြောတဲ့ကိစ္စကို ကျွန်တော် ကြားဖူးသလိုပဲ"

"ရှင်က ဘယ်မှာ ကြားဖူးတာလဲ"

"ရပြီ ရပြီ"

ကကြီးက အလန့်တကြားထအော်သည်။

"ဖြည်းဖြည်းပြောပါရှင့်၊ လန့်သွားတာပဲ"

"ပျော်လို့၊ ပျော်လို့"

"ဘာ ဖြစ်လို့လဲ"

"အဖြေရသွားလို့"

"အဲ့ဒီတော့..."

"ကျွန်တော် အခု ဖြူသူလှဆီ သွားနေတယ်လေ"

"အဲ..."

(၁၀)

"ရောက်ပြီလား"

"ရောက်ပြီ၊ ဖြူသူလှကို
နှုတ်တောင်ဆက်နေပြီ။"

"အဲ့ဒါတွေ ကြောင့်ရှင့်ကို အမြင်ကတ်တာ
ညို့သူချောကမျက်သော င်းလေး ထိုးရင်း ပြောသည်။
ကကြီးကလည်းမသိချင်ယောင်ဆောင်ပြီးဆက်ပြောသည

" ဖြူသူလှဆီရောက်တော့ ကျွန်တော်
ကပြောလိုက် တယ်"

"ဘာပြောလိုက်လဲ"

"နေကောင်းလားပေါ့"

"ဟင်...ရှင်ကလည်းသူက အရေး

ကြီးနေတယ်နော် “

“သိပါတယ်၊အလာပသလ္လာပ

အရင်ပြောရသေးတယ်ဗျ”

“ကဲ…ပြောပြီးပြီပဲ ထားပါတော့”

“ဟာဗျာ…ခင်ဗျားက

ကြည်နူးခွင့်လေးတောင်မပေးဘူး”

"လျှာမရှည်နဲ့၊ ဖြူသူလှက မေးနေပြီ၊

သူမောင်လေးကို ကူညီမှာ လားတဲ့"

“အင်း…အင်း…ကူညီမယ်"

"ဟေး" ညိုသူက ထအော်လိုက်သည်။

“ဘာ ဖြစ်တာလဲဗျ"

“ ဖြူသူလှ ပျော်သွားတာလေ"

"အို"

Saving screenshot

ရင်၏ အနက်ရှိုင်းဆုံးနေရာကို တစ်စုံတစ်ဦးက တံခါးလာခေါက်သည်။

******

(၁၁)

"သူ့မောင်လေးက အိတ်ကပ်ထဲမှာ ငွေဘယ်လောက်ထည့်သွားရမှာ လဲ"

"၁၄ ပဲ"

"သေချာလို့လား"

"သေချာပါတယ်"

"ကောင်းပြီလေ၊ ရှင်သေချာရင် ပြီးတာပါပဲ၊ မှာ းရင်တော့ ဖြူသူလုနဲ့ ဝေးမှာ နော်"

Saving screenshot

"သိပါတယ်"

ထိုနောက် ကကြီးက သူ့လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ထုတ်လိုက်၏ ။ တစ်စုံတစ်ခု ရေးလိုက်ပြန်သည်။

"ရော်..."

"ဘာလဲ"

"ဖြူသူလှ မောင်လေးကို ပေးဖို့အတွက် စာရွက်လေ"

"ဘာစာရွက်လဲ"

"ဩော်...သူဘာကြောင့် ၁၄ ပဲယူသွားရတာလဲဆိုတာကို တွက်ချက်ထားတာ"

ညိုသူက ကကြီးလက်ထဲမှ စာရွက်ကို လှမ်းယူလိုက်သည်။

Saving screenshot

စာရွက်ထဲတွင် သူဌေးကြီးဆီ
ပြန်ရောက်သော အခါ ဖြူသူလှမောင်လေး အိပ်ထဲ၌
တစ် ပြားမှ မကျန်အောင် တွက်ချက်ထားသည်ကို
အသေးစိတ်ရေး ထား၏ ။

Saving screenshot

| | |
|---|---|
| မောင်လေးပါသွားသောငွေ | ၁၄ ပဲ |
| ပထမသမီးမှ ဆတူပေးသောငွေ | ၁၄ ပဲ |
| စုစုပေါင်း | ၂၈ ပဲ |
| ပထမသမီး၏ အထိန်းတော်ကိုပေးသောငွေ | ၁၆ ပဲ (၁)ကျပ် |
| ဒုတိယသမီးအိမ်သို့ ပါသွားသောငွေ | ၁၂ ပဲ |
| ဒုတိယသမီးက ဆတူပေးသောငွေ | ၁၂ ပဲ |
| စုစုပေါင်း | ၂၄ပဲ |
| ဒုတိယသမီး အထိန်းတော်ကိုပေးသောငွေ | ၁၆ ပဲ (၁)ကျပ် |
| တတိယသမီးအိမ်သို့ပါသွားသောငွေ | ၈ ပဲ |
| တတိယသမီးကဆတူပေးသောငွေ | ၈ ပဲ |
| စုစုပေါင်း | ၁၆ ပဲ (၁)ကျပ် |
| တတိယသမီး၏ အထိန်းတော်ကိုပေးသောငွေ | ၁၆ ပဲ(၁)ကျပ် |
| သူဌေးကြီးဆီ ရောက်သွားသောအခါ | ၀၀ ပဲ |
| အိပ်ထဲ၌ပါသွားသောငွေ | |

******

## (၁၂)

"ဟဲ....ဟဲ၊ မှန်တယ်မှတ်လား"

"မှန်တယ်၊ မှန်တယ်"

ညို့သူက မကျေနပ်ကျေနပ်သလိုအသံဖြင့် ဘုဆတ်ဆတ်ပြောသည်။

"ကဲ...ဒါဆို လိုက်ခဲ့တော့"

"ဘယ်ကို လိုက်ရမှာ လဲ"

"စောစောကပဲ ကတိပေးခဲ့တယ်လေ၊ ဖြူသူလှရဲ့ မောင်လေးကို ကူညီပြီးရင် ခေါ်ရာ လိုက်မယ်ဆို၊ အခုသူ့မောင်လေးက သူဌေးကြီးရဲ့ သမီးသုံးယောက် နဲ့ ရသွားပြီလေ"

"ဟုတ်ပါပြီ၊ ဘယ်ကိုလိုက်ရမှာ လဲလို့

Saving screenshot

မေးနေတာ"

ကကြီးက စဉ်းစားသလိုပြုသည်။

"ဖြူသူလှကို အချစ်အကြောင်း စိတ်ဝင်စားလာအောင် ဆွဲဆောင်ရမှာ ဆိုတော့.."

"အင်း...ပြောပါဦး ဘယ်ခေါ်သွားမှာ လဲ"

"ပန်းခြံကိုခေါ်သွားမယ်"

"ရှင်နော်...အဲ့ဒီကိုဆို မလိုက်ဘူး၊ ရှက်စရာကြီး"

"ဟား...ခင်ဗျားက ဘာသိလို့လဲ၊ အဲ့ဒီပန်းခြံကခပ်ဆန်းဆန်း ပန်းခြံဗျ"

"ဘယ်လို"

ညိုသူချော စိတ်ဝင်စားသွားသည်။ သို့သော လည်းမေးစရာရှိတာတော့ နည်းနည်း မေး ရမည် ။

Saving screenshot

"မဟုတ်ကဟုတ်ကတွေ့ တွေ့နေရင်ဘယ်လိုလုပ်မလဲ"

"မတွေ့ရပါဘူး၊ အာမခံပါတယ်"

"သေချာလား"

"သေချာပါတယ်"

ညှိသူကလည်း ကကြီး၏ ထူးထူးဆန်းဆန်း ပန်းခြံကိုစိတ်ဝင်စားနေတာကြောင့် ...

"ဒါဆိုလိုက်မယ်၊ ပန်းခြံက ဘယ်လိုထူးဆန်းတာလဲ"

"အတွဲ တိုင်းဝင်လို့မရဘူးဗျ"

"ဘာ ဖြစ်လို့လဲ"

"ပန်းခြံကို ဝင်ခါနီး မှာ ဂိတ်တစ်ခုရှိတယ်"

"အင်း"

"အဲ့ဒီဂိတ်မှာ ပန်းခြံထဲဝင်မယ့် အတွဲ တွေ ကို ဂိတ်မှူး က မေးခွန်းလေးနည်းနည်း မေး တယ် ကျေနပ်မှ ဝင်ခွင့်ရမယ်"

"သူတို့ကဘာတွေ မေးတာလည်း"

"အင်း...နောက်ကျနေပြီးဗျ"

"ဘာ...ဘာကို"

အဆက်အစပ်မရှိသော စကားကြောင့် ညို့သူကြောက်သွားသည်။

" ဒီနေ့ အတန်းရှိသေးတယ်၊ နောက်နေ့ကျမှပဲ အဲ့ဒီပန်းခြံကို သွားတော့မယ်လို့ ပြော တာ"

ဟုဆိုပြီး ကင်းတင်းမှထွက်သွားလေသည်။ ညို့သူမှ မကျေမနပ် ပွစိပွစိလုပ်ရင်း ကျန် ရစ်ခဲ့လေသည်။

******

(၁၃)

"ကဲ...ပြောတော့"

"ဘာလဲ၊ စိတ်ဆိုနေတာလားဗျ"

"ပြောမှာ ဖြင့် ပြောပါ"

"ပန်းခြံကိုသွားခြင်နေပြီပေါ့"

"ရှင်နော်"

မျက်စောင်းထိုး၏ ။

ကကြီးကလည်း ရင်ဘတ်လေးဖိထားလိုက်သည်။ ထိသွားတယ်ပေါ့။

"အခု ကျွန်တော် နဲ့ ဖြူသူလှက ပန်းခြံရှေ

ရောက်နေပြီးဗျ"

"အင်း"

"ဒါပေမဲ့ ကျွန်တော် တို့ရှေ့မှာ အတွဲ တစ်တွဲ ရှိနေသေးတယ်"

"အဲ့ဒီတော့"

"အဲ့ဒီတော့ ရှေကအတွဲ ကို ဂိတ်မှူး က မေးခွန်းလေး တစ်ခု နှစ် ခုလောက် မေးနေတာပေါ့"

"ဘာတွေ မေးနေလဲ"

"ပထမဆုံး ဂိတ်မှူး က ယောကျ်ားလေးကို အရင်မေးတာ"

"အင်း"

"မင်းရဲ့ ချစ်သူအတွက် မင်း ဘာပျော်ရွှင်စရာတွေ လုပ်ပေးခဲ့ဘူးသလဲတဲ့"

"ဟားမေးခွန်းက မိုက်တယ်နော်"

"ဟုတ်တယ်၊ ယောကျာ်းလေးရဲ့ အဖြေကို ဂိတ်မှူး က ကျေနပ်မှ ဝင်ခွင့်ရမှာ "

"အဲ့ဒီတော့ သူက ဘယ်လိုပြန်ဖြေလဲ"

"တစ်နေ့ သူရည်းစားကသူကိုပြောဖူးတယ်တဲ့"

"ဘာပြောတာလဲ"

"လူရှေ့သူရှေ့တွေ မှာ နင်ငါကိုချစ်တယ် လို့ ခဏခဏပြောရင် ငါပျော်တယ် သိလား ဆိုပြီးတော့တဲ့"

"အင်း...ဒီတော့ ဘာဆက် ဖြစ်လဲ"

"သူ့ရဲ့ ကောင်မလေးနာမည် က မပွားညှိတဲ့...အဟီး"

" အံမယ်"

ကကြီးကိုညှိသူက မျက်စောင်းထိုးပြန်သည်။နဂါးမလေးမျက်စောင်းပင်ဖြစ်ပေလိမ့်မည် ။

" ဒီတော့ကောင်လေးက ကောင်မလေးရဲ့ဆန္ဒကိုလည်း လိုက်လျှောပြီး ဖြစ်အောင်၊ သူလည်းအဆင်ပြေအောင် ဆိုပြီးလုပ်လိုက်တယ်"

"ဘာလုပ်လိုက်တာလဲ"

"သူ့ဖုန်းမြည် သံကို သူ့အသံလေးသွင်းထားလိုက်တယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဖုန်းမြန်လာရင် ထထပြောနေရော"

"ဘာပြောတာလဲ"

"ပွားညို့ကိုချစ်တယ်၊ပွားညို့ကိုချစ်တယ် ဆိုပြီးတော့ပေါ့"

"ရော်...တယ်ဟုတ်ပါလား"

"အဲ့ဒီတော့ လူကြားထဲမှာ ဖုန်းလာရင်ပွားညို့ကို ချစ်တယ် ဆိုပြီးထမြည် တော့ ကောင်မ လေးကပျော်တာပေါ့"

ညို့သူက ခေါင်းတဆက်ဆက်ညိတ်နေသည်။

"အဲ့ဒါနဲ့ သူတို့အတွဲ ဝင်လို့ရသွားလား"

"ရသွားတာပေါ့၊ ကဲ...လာ...ကျွန်တော် တို့အလှည့် ရောက်ပြီ"

"ဘာကိုလဲ"

"ကျွန်တော် နဲ့ ဖြူသူလှ ဝင်တော့မယ်လေ၊

Saving screenshot

ဟိုမှာ ဂိတ်မှူး ကတောင် ခေါ်နေပြီ"

"မရဘူးရှင့်"

"ဘာ ဖြစ်လိုလဲ"

"ဖြူသူလှက မကျေနပ်ဘူး ဖြစ်နေတယ်"

"ဘာ..."

******

(၁၄)

"သူက ဘာမကျေနပ်တာလဲ"

"ခုနကအတွဲ ထဲက ကောင်လေးရဲ့ အဖြေကိုမကျေနပ်တာ"

"ဘာ ဖြစ်လို့လဲ"

"ကောင်မလေး ပြောခိုင်းတာက ရင်ထဲက ချစ်တယ်ဆိုတဲ့ စကားသံလေ၊ အခုတော့ ထပ်ခါ တလဲလဲ ကြားနေရမယ့်အသံကြီးနဲ့"

"ဟားဗျာ"

ကကြီး စိတ်ညစ်သွားသည်။ ထိုအတူ သူမက သူ့ကို ညစ်နေမှန်လည်းသိနေသည်

"အဲ့ဒီတော့ ဖြူသူလုက ပန်းခြံထဲမဝင်တော့ဘူးဆိုပြီး ပြန်ထွက်လာခဲ့တယ်"

"ဒီတော့...နေပါဦး၊ ကိုယ်ရှင်းပြ ပါရစေဦး၊ ဆိုပြီးတော့ ကျွန်တော် ကအနောက်က လိုက်ရ တော့တာပေါ့"

ကကြီးစကားကြောင့် နှစ် ယောက် သား ရယ်မောလိုက်ကြသည်။

"ပိုဆိုးတာက ဖြူသူလုက ယောက် ကျ်ားတွေ

Saving screenshot

က ဒီလိုပဲလားဆိုပြီးထင်သွားတော့တာပါပဲ"

ကကြီး ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

ထို့ကြောင့် အလှည့် အပြောင်း တိုက်စစ်တစ်ခု စဖွင့်လိုက်သည်။

"အဲ့ဒီတော့အခု ဖြူသူလှက ဘယ်သွားနေတာလဲ"

"နတ်ဝင်သည့်ဆီကို"

"ဘာ"

"သူတို့မြို့ မှာ နာမည် ကြီး ဖြစ်တဲ့ နတ်ဝင်သည့်ဆီကို သွားနေတာ" ပြောပြောဆိုဆို ညိုသူ က ထရပ်သည်။

ထိုနောက် လွယ်အိတ်လေး လွယ်လိုက်၏ ။

ကကြီးကို တစ်ချက်ကြည့်ကာ...

"မနက်ဖြန် နတ်ဝင်သည်အိမ်မှာ တွေ့မယ်"

ဟုဆိုပြီး ကင်းတင်းထဲမှ ထွက်သွားလေ၏ ။

******

(၁၅)

"အခု နတ်ဝင်သည်အိမ်ကို ရောက်ပြီလား "

"မရောက်သေးဘူး ၊လမ်းမှာ ပဲရှိသေးတယ်၊ ရောက်တော့မှာ "

"သူက နတ်ဝင်သည်ဆီကို ဘာသွားလုပ်မလို့လဲ"

"ဩော်...အဲ့ဒီနတ်ဝင်သည်က တမလွန်က

လူတွေ ရဲ့ ဝိညာဉ်တွေ ကိုခေါ်ပြီး

စကားပြောလို့ရတယ်ဆိုပြီး နာမည်ကြီးနေတာလေ၊ဒါကြောင့် သူကစိတ်ဝင်စားလို့သွားနေတာ"

"ဟာ...ဒါဆို မ ဖြစ်ဘူး"

"ဘာ ဖြစ်ရပြန်တာလဲ"

"သူ နတ်ဝင်သည်အိမ် ရောက်လို့မရဘူးဗျ"

"ဘာ ဖြစ်လို့လဲ"

"ဟ ...အခု ကျွန်တော် က သူ့ကိုတမလွန်တို့ဘာလို့စိတ်ဝင်စားအောင် လုပ်နေတာမှတ် လား"

"အင်းလေ"

"ဒီတော့ သူ့ကို နတ်ဝင်သည်ဆီ မရောက်အောင် တားမှ ဖြစ်မယ်လေ"

"ဒါဆို ရှင် ဘယ်လိုတားမလဲ"

"သူက ကလေးချစ်တတ်လား"

"ဘာလုပ်ဖို့လဲ"

"ဖြေမှာ သာ ဖြေပါ"

ညိုသူက နည်းနည်း စဥ်းစားလိုက်ပြီး...

"အင်း...ချစ်တတ်တယ်"

"ဒါဆို လမ်းရဲ့ ဘေးဘက်က သစ်ပင်ကြီး အောက်ကိုကြည့်လိုက်ဗျာ"

"ဘာတွေ့ရလဲ"

"ကလေးတွေ ကဗျာရွတ်တမ်း ကစားနေတယ်လေ"

"ဪ...သူတို့က ဘာရွတ်နေတာလဲ"

"မနီကလေး ဘယ်ကလာ

ကဗျာကိုဖျက်ဆိုနေတာ"

"ဟုတ်လား ၊ဘ ယ်လိုဆိုတာလဲ"

"'ဒီလို...ဒီလို..."

ဟုဆိုပြီး ကကြီးက

အောက်ပါအတိုင်းရွတ်ပြသည်။

"မနီကလေးဘယ်ကလာ

အိမ်ကထွက်လို့လာ

မနီကလေး ဘယ်ကိုသွား

နတ်ဝင်သည်ဆီသွား

နတ်ဝင်သည် ဆီမသွားရင်

ဘာလုပ် ချင်လဲဟင်

မနီကလေး လိမ္မာဖို့

ဒေါ်မြသန်းဆီသွားကြစို့။"

"ဘယ်က ဒေါ်မြသန်းက
ပါလာတာလဲ"ညှိသူက မေးသည်။

"အဟီး...ကျွန်တော် တို့မြို့မှာ ရှိတဲ့
အောင်သွယ်တော် ပါ၊ ကျွန်တော် က သူ့ကိုဖြူသူလှနဲ့
အောင်သွယ်ပေးဖို့လည်း ပြောထားသေးတာကိုး"

"ဪ...ရှင်က အောင်သွယ်ကို
အားကိုးတော့မယ်ပေါ့"

"အဲဒီ လိုလည်း မဟုတ်ပါဘူးဗျ၊သူကနာမည်
ကြီးဆိုတော့ ပြောထားတာပဲရှိတာပါ"

"ထားပါတော့၊အဲ့ဒီကဗျာနဲ့ ဖြူသူလှက
ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ၊ဖြူသူလှရဲ့ ငယ်နာမည် က
မနီလေ"

"ဟင်…ဟုတ်လည်း မဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်၊ဟိုတစ်နေ့ကတင်သူ့အမေဆီက မေးခဲ့တာ"

သို့သော် သူမသည် ညဘက်မှာ ပါလင်းနိုင်သော အလင်းရောင် တစ်မျိုး ဖြစ်ပါသည်။

******

(၁၆)

"အဲ့ဒီမှာ ဖြူသူလုက တဘောင်တွေဘာတွေ ယုံတယ်ဆိုတော့ ကလေးတွေ ဟာ ငါ့ကို သတိပေးတာပဲဆိုပြီး ဒေါ်မြသန်းဆီကို သွားဖို့လုပ်ပါလေရော"

"ရှင်ကလည်း မြန်လိုက်တာ၊

Saving screenshot

စဉ်းစားချိန်တောင်မပေးတော့ဘူး"

"ကြာပါတယ်ဗျာ၊ ကဲ...ဒေါ်မြသန်းအိမ်ရှေ့ကို ဖြူသူလှ ရောက်သွားပြီ"

"နေဦး"

"ဘာလဲဗျ"

ကကြီးက ညှိသူကို မသင်္ကာသလို ကြည့်သည်။

"သူ့ရဲ့ ပိုက်ဆံအိတ် မရှိတော့ဘူး"

"ဘယ်လို"

"ဖြူသူလှ ယူလာတဲ့ ပိုက်ဆံအိတ် မရှိတော့ဘူးလို့"

"ဟာဗျာ...ပါရောပါရဲ့ လား "

"ပါတာပေါ့၊ အိမ်က ထွက်လာကတည်းက

သေသေချာချာ ထည့်လာတာ"

"'ဒါတော့ ခင်ဗျား ညစ်တာဗျာ"

"မဟုတ်ပါဘူးရှင့်၊တကယ်ပါလာလို့ ပါလာတယ်ပြောတာပါ၊"

"ဟော...အခု ဖြူသူလုက ပိုက်ဆံအိတ်ရှာဖို့ဆိုပြီး လာရာလမ်းကို ပြန်လှည့်နေပြီရှင့်... ဟဲ...ဟဲ"

ကကြီးက သက်ပြင်းချလိုက်ရင်း...

"အင်းလေ...ဘယ်တတ်နိုင်ပါ့မလဲ၊ ပိုက်ဆံအိတ် ရှာပြီးတော့မှပဲ ဒေါ်မြသန်းဆီ ခေါ်သွား ရတော့မှာ ပေါ့"

"ဒါပေါ့၊ ကဲ...အခုတော့ ပိုက်ဆံအိတ် ရှာဖို့အတွက် လိုက်သွားလိုက်ဦး"

******

(၁၇)

"ကျွန်မ အထင်ပြောရရင် ကလေးတွေ ကဗျာရွက်တဲ့သစ်ပင်နားမှာ ကျကျန်ခဲ့တာထင် တယ်"

"ဟုတ်လို့လား"

" ဖြစ်နိုင်တယ်၊ သူက ကလေးတွေ ကဗျာရွက်တာကို ထိုင်ကြည့်တာလေ၊

ဒီတော့ ပိုက်ဆံအိတ် ကျနေနိုင်တာပေါ့"

"အင်းလေ...ဒါဆိုလည်းသွားကြည့်တာပေါ့"

"ဒါပေမဲ့ အချည်းနှီးပဲရှင့်"

"ဘာ...ဘာ ဖြစ်လို့လဲ"

"ကလေးတွေ နားမှာ လည်း ပိုက်ဆံအိတ်

မတွေ့ဘူး"

"ကလေးတွေ ရော မေးမကြည့်ဘူးလားဗျ"

"မေးကြည့်မလို့ပဲ၊ ဒါပေမဲ့ သူတို့က ဥာဏ်စမ်း ပဟေဠိဝှက်တမ်း ကစားနေတယ်"

"ကလေးဘယ်နှစ် ယောက် လဲ"

"နှစ် ယော က်တည်းပါ"

"ဘာပဟေဠိဝှက်နေတာလဲ"

"ကလေး တစ်ယောက် က ကျန် တစ်ယောက် ကိုမေးတယ်"

"အင်း"

"ကိုယ်လည်းမပိုင် ရောင် းလို့ ငှားလို့လည်း မရတဲ့ တဲက ဘာတဲလဲတဲ့"

"အခြားကလေးက မဖြေနိုင်ဘူးလား"

"ဟင့်အင်း...မဖြေနိုင်ဘူး ဖြစ်နေတယ်"

"'ဒါများ ဗျား လွယ်လွယ်လေး"

"ဘာလဲ"

"ကိုယ်လည်းမပိုင် ရောင် းလို့ ငှားလို့လည်းမရဘူးဆိုတော့ ကင်းတယ်ပေါ့၊ ဟဲ...ဟဲ"

"ရှင်တော် တယ်၊ သူ့အစားရှင်က ဝင်ဖြေပေးလိုက် တော့ ကလေးလေးက ကျေးဇူးတင်သွားတယ်ရှင့် "

"ဒီတော့...ကျွန်တော် က ဖြူသူလှရဲ့ ပိုက်ဆံအိတ် အကြောင်း မေးလိုက်တယ် "

"ကလေးကလည်း ပြန်ဖြေပါတယ်"

"ဘာတဲ့လဲ"

"ဖြူသူလှရဲ့ ပိုက်ဆံအိတ်ကို

ကင်းတဲစောင့်တဲ့အဘိုးကြီးက ယူသွားတာကို သူမြင်တယ် တဲ့"

"ဟုတ်လား၊ ဒါဆို အဘိုးကြီးဆီ လိုက်ရမှာပေါ့"

"မလောစမ်းပါနဲ့ဦး၊ ကလေးပြောတာလည်း ဆက်နားထောင်ပါဦး"

"ဘာပြောသေးလဲ"

"သူတို့ကို ကင်းတဲစောင့်တဲ့ အဘိုးကြီးကမှာသွားတယ်တဲ့"

"ဘာမှာ သွားတာလဲ"

"အိမ်ပိုင်ရှင်ကို သူသိတယ်၊ အိမ်ဝင်ပို့လိုက်မယ်ဆိုပြီး ပြောသွားတယ်တဲ့"

"ဒါဆို အဘိုးကြီးက ဖြူသူလှ

အိမ်မှန်းသိတာပေါ့"

"အင်း...သိတယ်"

"ဒါဆိုပြီးပြီးပဲ အိမ်ရောက်တော့ ပိုက်ဆံအိတ် တွေ့ရမှာ ပဲ၊ လာ...ဒေါ်မြသန်းဆီ ပြန်သွားရ အောင်"

"နေဦး"

"ဟင်...လုပ်ပြန်ပြီ၊ ဘာ ဖြစ်ရပြန်တာလဲ"

"ဖြူသူလှ ငြိမ်သွားတယ်ရှင့်"

"ဘာ ဖြစ်လို့လဲ"

"သူ တစ်ခုခုစဉ်းစားနေပုံရတယ်"

"လုပ်ပါဦး၊ သူက ဘာတွေ များ ဒီလောက်တောင် စဉ်းစားနေတာလဲ"

"ကင်းတဲစောင့်တဲ့ အဘိုးကြီးနဲ့

ပတ်သက်လိပ်မယ်ထင်တယ်"

"ဘာ ဖြစ်လို့လဲ"

"အဲ့ဒီ အဘိုးကြီးနာမည် ကြားမှ ငြိမ်သွားတာလေ"

"ဟာဗျာ...ဒီနေ့တော့ ဒေါ်မြသန်းဆီ မရောက်နိုင်တော့ဘူးထင်တယ်"

"အေးဆေးပေါ့ရှင်၊ ရှင်ချစ်တဲ့လူရဲ့ အရေးကိစ္စကို ဦးစားပေးရမှာ ပေါ့၊ ဟုတ်ဘူးလား"

"အင်းပေါ့လေ၊ စိတ်ရှည်ရတော့မှာ ပေါ့၊ ဒီကလည်း ချစ်နေတာကို"

"ဒီလိုမှပေါ့"

"သူဘာတွေ စဉ်းစားနေလဲဆိုတာကို သိပြီလား"

Saving screenshot

"သိပြီ"

"ဘာတဲ့လဲ"

"အဲ့ဒီ အဘိုးကြီးဆီမှာ ရှေးဟောင်းကျမ်းစာအုပ် ရှိတယ်ရှင့်"

"ဘာ...ဘာကျမ်းမို့လို့"ဒီလောက်တောင် စိတ်ဝင်စားနေရတာ လဲ"

"ရှေးဟောင်း တိဗက်ကျမ်းတစ်စောင်ပါ၊ ကျမ်းရဲ့ နာမည် ကတမလွန်လမ်းညွှန်လို့အမည် ရတယ်ဟင်"

******

(၁၈)

"အဲ့ဒီစာအုပ်က သိပ်နာမည် ကြီးတဲ့ စာအုပ်ရှင့်၊ ၁၉၂၇ ခုနှစ် လောက်တုန်းက တိဗက် ပညာရှင်တစ်ဦးနဲ့ အမေရိကန် ပညာရှင်တစ်ဦးတို့ တွဲ ဖက်ဘာသာပြန်ဖူးတယ်"

"ဒါဆို အဲ့ဒီစာအုပ်က အဘိုးကြီးဆီမှာ ရှိနေတာပေါ့"

"ဟုတ်တယ်"

"ဟဒါဆို အဲ့ဒီစာအုပ်ကို ဖြူသူလှ မယူအောင် ထားမှ ဖြစ်မှာ ပေါ့"

"မရတော့ဘူး၊ ဖြူသူလှက စာအုပ်ယူဖို့ သွားနေပြီ"

"ဟာဗျာ"

ကကြီး ခေါင်းကုတ်လိုက်မိသည်။ မချိုမချဉ် မျက်နှာလေးနှင့် ကြည့်နေသော ညိုသူ၏ မျက်နှာကိုသာ

Saving screenshot

ဖျစ်ညှစ်လိုက်ချင်တော့သည်။

"ရှင်ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်တော့မှာ လဲ၊ သူနဲ့အတူ အဖော်လိုက်ပေးရတော့မှာ ပေါ့"

"ကောင်းတယ်"

"ဒါနဲ့ အဲ့ဒီစာအုပ်မှာ ဘာအကြောင်းအရာတွေ ရေး ထားလို့လဲ"

"ပြောရရင်တော့ အဲ့ဒီကျမ်းစာရဲ့ ရည်ရွယ်ချက်က သေခါနီး လူနာ၊ ဒါမှမဟုတ် သေပြီးနောက်

တမလွန်လောကကို ရောက်နေသူအားလုံး ဘဝသံသရာ လွတ်မြောက်ရန်၊ မလွယ်ဘူး ဆိုရင်လည်း ကောင်းရာမွန်ရာဘဝကိုရောက်ဖို့အတွက် လမ်းညွှန်ချက်တွေ ပါတဲ့စာ အုပ်ပါ။ သေ တဲ့ လူနာရဲ့

ဆွေမျိုး သားချင်းတွေ စိတ်သက်သာရာရဖို့အတွက် အမိကရည်ရွယ်တာပါ"

"မှန်ရော မှန်လို့လား"

"အဲ့ဒါတော့ ကျွန်မလည်းမသိဘူးလေ"

"သူကဘာအတွက်နဲ့ အဲ့ဒီစာအုပ်ကို ငှားချင်ရတာ လဲ"

"သူ့သူငယ်ချင် မကြည်မြင့်အတွက်လားမှ မသိတာ"

"လာပြန်ပြီ၊ ဘယ်ကမကြင်မြင့်လဲ"

"သူ့ရဲ့ သူငယ်ချင်း တစ်ယောက် ပါ၊ အခုနာမကျန်း ဖြစ်ပြီး သေခါနီး နေပြီ ဖြစ်တဲ့ သူငယ်ချင်း တစ်ယောက် ပေါ့"

"အို"

ကကြီးရင်ထဲမှာ စိတ်မကောင်း
ဖြစ်သွားသည်။ သူတို့နှစ် ယောက် ထိုင်နေသော
ကင်းတင်း တွင် လူများ
မရှိတော့သည်ကိုအခုမှသတိထားမိသည်။

(၁၉)

"အဲ့ဒီမကြည်မြင့်က ဘာ ရောဂါ ဖြစ်နေတာလဲ"

"ကျွန်မလဲ သေသေချာချာ မသိပါဘူး၊

" ရောဂါ တော် တော် ပြင်းတယ်လို့တော့ ပြောတာပဲ"

"ဟုတ်ပြီ"

ကကြီး၏ အားတက်သရော်ပြောသံကြောင့် ညိုသူမှာ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဟုတ်တာလဲ၊ ရှင်နော်"

"ကျွန်တော် က အကောင်းပြောမလို့ပါ"

"ဒါဆိုလည်းပြော"

"အခုကျွန်တော် က ဖြူသူလှ အချစ်ကို ရဖို့အတွက် ကြိုး စားနေတာမှတ်လား"

"အင်းလေ၊ အဲ့ဒါ ဘာ ဖြစ်လဲ"

"အခုမကြောင်မြင့်ရဲ့ ရောဂါ ကို ကျွန်တော် က ပျောက်အောင်ကုပေးနိုင်ရင် ဖြူသူလှက

ကျွန်တော့်ကို "ကျေးဇူးတွေ တင်ပြီး... အဟီး"

"ဟင်း...ကျွန်မက အကောင်းပြောမယ် အောက်မေ့နေတာ"

ကျွန်တော် ပြောတာလည်း မဟုတ်လို့လား

" ဆရာဝန်ကတောင် လက်လျှော့ထားတဲ့ဟာကို ရှင်ကဘယ်လိုကုမှာ လဲ"

"အဲ့ဒါကိုက ခင်ဗျား ညံ့တာပဲ"

သူ့ကိုညံ့တယ်ပြော၍ ညိုသူဇော်မှာ ရှုံး ရှုံး ရှဲရှဲ ဖြစ်သွားသည်။ ကကြီးကလည်း မသိချင် ယောင်ဆောင်ပြီး ဆက်ပြောသည်။

"လောကကြီးမှာ မမြင်နိုင်တဲ့ အရာတွေ အများ ကြီးရှိတယ်တဲ့"

"အဲ့ဒါနဲ့ မကြင်မြင့် ရောဂါ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဒါနဲ့မေးရဦးမယ်"

"မေးလေး"

"အဲ့ဒီ မကြင်မြင့်ကရုပ်ဆိုးလား"

"ဘာ"

ကကြီး၏ ရုပ်တရက်မေးလိုက်သော မေးခွန်းကို ညိုသူ နားမလည်ဘဲ ဖြစ်သွားသည်။

"မကြင်မြင့်က ရုပ်ဆိုးလားလို့မေးတာ"

"ညှိသူမှ စဉ်းစားလိုက်ပြီး...

" ရုပ်နည်းနည်းတော့ ဆိုးတယ်ရှင့်"

"ဒါဆိုသူ့မှာ အိမ်ထောင်မရှိဘူး ဖြစ်ရမယ်"

"ဟာ...ရှင်ကလည်း"

"မဟုတ်လို့လား"

ကကြီး၏ အမေးကြောင့် ညှိသူမှာ မဖြေချင်ပဲ ဖြေလိုက်ရသည်။

" အင်း...အဲ့ဒါလည်း ဟုတ်တယ်"

'ဒီတော့..."

'ဒီတော့ဘာ ဖြစ်လဲ"

"လာဗျာ...မကြင်မြင့်အိမ် သွားရအောင်

"ရှင်..."

Saving screenshot

******

(၂၀)

"ကျွန်မတို့ အခု
မကြောင်မြင့်အိမ်ရောက်နေပြီလား"

"ရောက်နေပြီ"

"ဒါဆို ဟိုကျမ်းစာအုပ်ကို ဘယ်လိုလုပ်မလဲ"

"ဟဲ...ဟဲ...ကျွန်တော် က ဖြူ
သူလှကိုပြောလိုက်တယ်"

"ဘာပြောလိုက်တယ်"

"သေခါနီး ဆဲဆဲ သူငယ်ချင်း တစ်ယောက်
ကို အားပေးစကား အရင်ပြောသင့်ပါတယ်လို့"

"အဲ့ဒီတော့..."

"သူတွေ သွားတာပေါ့"

"အဲ"

"နောက်တော့ ပြောလိုက်ပါသေးတယ်၊

မကြင်မြင့်အိမ်က ပြန်မှ အဲ့ဒီကျမ်း စာအုပ် ဝင်ငှားတာပေါ့

ဆိုပြီးလည်း ပြောလိုက်ရသေးတယ်"

"သူက လက်ခံလား"

"လက်ခံလို့ အခု မကြည်မြင့်အနားမှာ တောင် ထိုင်နေကြပြီ"

ပိုပိုရန်ကော ဟူသော အကြည့်ဖြင့် ညိုသူက ကကြီးကို ကြည့်သည်။

"အဲ့ဒီတော့ ဘာဆက် ဖြစ်ကြလဲ"

"အဲ့ဒီအချိန်မှာ ပဲ မကြင်မြင့်အိမ်ရှေ့ကနေ ခေါ်သံတစ်သံ ကြားလိုက်ရတယ်"

"ဟင်"

ညိုသူစိတ်ဝင်စားသွားသည်။ ကကြီးကတော့ ပြုံးဖြဲဖြဲနဲ့ ပါပဲ။

"ဗျို့ ...ဗျို့ ...မကြင်မြင့်ရှိပါလားပေါ့"

"အဲ့ဒီလူက ဘယ်သူလဲ"

"ဟဲ...ဟဲ...ကျွန်တော့်ရဲ့ အောင်သွယ်တော်ကြီး ဒေါ်မြသန်းဆီကလူလေ "

"သူက ဘာလာလုပ်တာလဲ"

"မကြင်မြင့်အတွက် စာလာပို့တာပါ"

"စာ...ဟုတ်လား"

"ဟုတ်တယ်၊ ဟောကြည့်...ကျွန်တော်

Saving screenshot

တောင် မကြောင်မြင့်ကို အဲ့ဒီစာ မကြောင်မြင့်ကိုဖတ် ပြနေပြီ"

"မကြောင်မြင့်က မျက်လုံးလေးစင်းပြီး နားထောင်နေတာပေါ့"

"ဒါပေါ့"

"ကဲ...ကဲ...ဖတ်ပါဦး၊ ရှင့်ရဲ့စာက ဘာအကြောင်းအရာ ရေး ထားတာမို့လဲ"

"သို့...ကြောင်လေးတဲ့"

"အင်း"

"ကြောင်လေးရဲ့ ဓာတ်ပုံကို ဒေါ်မြသန်းဆီမှာ တွေ့ကတည်းက မနေနိုင် မထိုင်နိုင် စွဲလမ်းရ သူပါ"

"ဟော့...ဟော့..."

ကကြီး၏ လုပ်ရပ်ကို ညှိသူချော

သဘောပေါက်သွားပုံရသည်။ မကြြင်မြင့်အစား ကြည်နူး နေပုံ လည်းရသည်။

"အခု...ကိုယ်ခရီးလွန်နေတဲ့အတွက် ကြင်ကြင်ကိုလာမတွေ့နိုင်ဘူး ဖြစ်နေတယ်ကွယ် "

"မိုက်တယ်ရှင့်"

"ရှေ့လဆိုရင် ကိုပြန်ရောက်ပါပြီ။ဒါပေမဲ့ ကြင်လေးက လက်ခံမယ်၊လက်မခံဘူးဆိုတာကို၊ မသိဘူး ဖြစ်နေတယ်ကွယ်၊ကိုယ် ကြင်လေးကို သိပ်ချစ်တယ်၊ ကြင်လေးကိုတွေ့ချင်တယ်၊ ကိုယ့်ကို လက်ခံမယ်ဆိုရင် ဒေါ်မြသန်းကတဆင့် စာပြန်စေချင်တယ်၊

"ရှေ့လတွေ့မယ်၊ အသည်းနှင့်အောင်ချစ်ရသော အောင်ဘုတို...တဲ့"

"ဟင်...နာမည် ကြီးကလည်း

မမိုက်လိုက်တာ"

"နာမည် က အရေး မကြီးပါဘူးဗျာ၊ ဟော့ကြည့်...အခု မကြင်မြင့်ရဲ့ အရောင် တောက်လာပြီ"

"အချစ်ရဲ့ မျှော်လင့်ချက်တွေ ဖြစ်မှာ ပေါ့ရှင်"

"ဟုတ်တယ်၊ဖြူသူလှတောင် နည်းနည်း အံ့သြနေတယ်"

ညှိသူက ဘာမှပြန်မပြောသော ကြောင့် ကကြီးကပဲ ဆက်ပြောရသည်။

"ငယ်ငယ်တုန်းက သင်ရတဲ့ The Last Leaf ဆိုတဲ့သင်ခန်းစာလေးတောင် သွားသတိရတယ်"

"ဆေးရုံမှာ ရှိတဲ့ လူနာက
ပြတင်းပေါက်ကနေ မြင်ရတဲ့
နောက်ဆုံးသစ်ရွက်လေးကြွေ မှ သူ သေဆုံးမယ်တဲ့

ဟာလား"

"အင်းဟုတ်တယ်"

"ပြောမယ်သာ ပြောရရတာ ပါ၊လူရဲ့ စိတ်ဆိုတာ တကယ်တော့ ထူးဆန်းတယ်နော်"

ညှိသူ၏ မျက်နှာတွင် ခန့်မှန်းရခက်သော အရိပ်တို့ ဖြစ်ပေါ်နေသည်။ ဘာမှန်းတော့ ကကြီးက သေချာမသိ...။

သူမမျက်ဝန်းတို့က ရီဝေနေသည်။

"အဲ့ဒီ အောင်တို အောင်ဘုတို ဆိုတဲ့လူက တကယ်ရော ရှိရဲ့ လားရှင့်"

" ကျွန်တော် က မပိုင်ရင် မလုပ်ပါဘူး၊ ဒေါ်မြသန်းဆီမှာ မိန်းမ အသည်းအသန် လိုချင်တဲ့ လူကို တွေ့တယ်"

"ဒီတော့ ရှင်က ဝွန်ဖန်လိုက်တာပေါ့၊ ဟုတ်လား"

"အဟီး...ဒါ ကတော့ဗျာ ကုသိုလ်လည်းရပါတယ် "

"ဘာပဲပြောပြောလေ၊ရှင်နည်းလမ်းက ကောင်းပါတယ်"

" ကောင်းရမှာ ပေါ့၊အခုတောင် မကြင်မြင့်က အောင်ဘုတိုကို တွေ့ မယ်ဆိုပြီး စာတောင် ပြန်လိုက်ပြီ"

"ဟင်...မကြင်မြင့်က မကျန်းမာဘူးလေ"

"ဒါ ကတော့ ကိစ္စမရှိပါဘူး၊ မကြင်မြင့်က ရှေ့လမှာ အောင်ဘုတိုကို တွေ့ ဖို့စိတ် ထက် သန်နေတော့ သူ့စိတ်က သူ့ ရောဂါ ကို ကုသွားမှာ ပါ"

သူတို့နှစ် ယောက် လုံး

တိတ်ဆိတ်သွားသည်။ ဘေးနားက ကျောင်းသား၊ ကျောင်းသူများ ၊ စားပွဲ ထိုးများ ၏ အသံများ ကိုသာ ကြားနေရသည်။

"ဖြူသူလှက တီဗက်ကျမ်း ဝင်မငှားတော့ဘူးလား"

"ယူစရာမလိုတော့ဘူးလေ၊မကြင်မြင့်ရဲ့ အခြေအနေ ကောင်းနေမှန်း သူသိသွားတာကိုး"

"ဪ"

"ညိုသူ"

"ရှင်"

ကကြီး၏ ခေါ်သံကြောင့် ညိုသူ မျက်လုံးလေးဝင့်ကြည့်သည်။

"အခုချိန်မှာ ဖြူသူလှက အချစ်ရဲ့

စွမ်းအားကို အံ့ဩနေပုံရတယ်"

"အင်း...အဲ့ဒီတော့ ဘာ ဖြစ်လဲ "

"ဒီတော့...မနက်ဖြန်ကျရင် ကျွန်တော် သူ့ကို ရည်းစားစကား ပြောချင်တယ်"

"အို"

Hell0

ထိုစာမျက်နှာကလည်း ပြန်လည်နှုတ်ဆက်သည်။

******

(၂၁)

"ကဲ...ရည်းစားစကား ပြောတော့မယ်"

"ပြော...ပြော..."

ညို့သူက ဘုဆက်ဆက် ပြန်ပြောသည်။

"မနာလို ဖြစ်နေတာလား"

ကကြီးကလည်း စ ဖြစ်အောင်

စလိုက်သေးသည်။

ညို့သူက မသိချင်ယောင် ဆောင်နေ၏ ။

"ပြောမှဖြင့် မြန်မြန်ပြောရှင်၊ ချစ်တယ်လို့ပဲ

ပြောမှာ မို့လား"

"ရိုးလိုက်တာဗျာ၊ အဲ့ဒီလိုကြီးတော့

မပြောပါဘူး"

"ဒါဆို...ရှင်က ဘယ်လိုပြောချင်လို့လဲ"

"လူမှာ ထပ်ကာထပ်ကာပြောရင်

ဟုတ်သလိုလို ဘာလိုလို့ တကယ်ထင်သွားတတ်တဲ့

ဆိုက်ကိုတစ်ခု ရှိတယ်"

"ရှင်ကဘယ်လိုလုပ်သိလဲ"

"ဟ...ဒါက ကမ္ဘာမှာ လက်တွေ့စမ်းသပ်ထားတဲ့ ဖြစ်စဉ်ပဲ"

"အင်...ပြောပါဦး"

"ဥပမာဗျာ၊လမ်းမှာ တွေ့တဲ့အသိတယောက် က ညိုသူ နေမကောင်းဘူးထင်တယ်နော်၊ မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့လို့ ပြောတယ်ဆိုပါစို့"

"အင်း...ဟုတ်တယ်၊ ဒီလိုနဲ့ အဲ့ဒီနေ့မှာ ပဲ နောက်အသိတယောက် ကလည်း အဲဒီ လို ပဲပြောတယ်ဆိုပါဆို့"

"ဘာမှမ ဖြစ် ဘူးလို့ဘဲ ငြင်းရမှာ ပဲ"

"ထားပါ၊နောက်ထပ် နှစ် ယောက် သုံးယောက် ကလည်း အဲဒီ အတိုင်းပဲပြောမယ် ဆိုရင် ရော"

" အဲ..."

ညှိုသူ တွေ ဝေသွားသည်။

"တွေ့လား၊တုံ့ဆိုင်းသွားပြီမှတ်လား၊ ကိုယ့်ကိုယ်ကိုယ်တောင် မသေချာ ဖြစ်လာပြီလေ"

"လူတော် တော် များများ ပြောလာပြီဆိုရင်တော့ စဉ်းစားရတော့မှာ ပါ့"

"ဒါပေါ့ ၊ ကျွန်တော် လည်း အခု ဖြူသူလုကို အဲ့ဒီနည်းအတိုင်းရည်းစားစကား ပြော မလို့"

"ဟင်"

******

Saving screenshot

## (၂၂)

"ပထမဆုံး သူ့ရဲ့ သူငယ်ချင်းလေးယောက်ကို စည်းရုံးမယ်ဗျာ"

"အင်း"

"ဖြူသူလှက သူ့ရဲ့ အိမ်က စထွက်လာပြီဆိုရင် သူ့ရဲ့ သူငယ်ချင်း တစ်ယောက် နဲ့ ပထမဆုံး ပေးတွေ့မယ်ဗျာ"

"တွေ့တော"

တွေ့တော့...အာလာပသလ္လာပပြောရင်းနဲ့ ရုပ်တရက်ဆိုသလို နင့်ကြည့်ရတာ ကကြီးကို ကြိုက်များ ကြိုက်နေသလားမသိဘူးလို့ ပြောခိုင်းမယ်ဗျာ

"...အဟီး"

ညို့သူကမျက်စောင်းထိုးပြန်သည်။

"အဲ့ဒီလိုနဲ့ ဖြူသူလုက အိုဆိုပြီး ရှက်သွားပြီး ပေါက်ကရတွေ လို့ ပြောလိမ့်မယ်၊ ထား လိုက်ပါ၊ ဒီလိုနဲ့ သူရှေ့ဆက်သွားတော့..."

"ဒုတိယ သူငယ်ချင်း တစ်ယောက် နဲ့ တွေ့တယ် ဆိုပါတော့"

"အင်...ဟုတ်တယ်၊ သူကလည်းစကားလေး ဘာလေးပြောရင်းနဲ့ နင့်ကြည့်ရတာ ကကြီး ကို ကြို က်များ ကြိုက်နေသလားမသိဘူးဆိုပြီး အဟဲ... ထပ်ပြောခိုင်းမယ်ဗျာ"

"ရှင့်အတွေးနဲ့ ရှင် ကတော့ ဟုတ်နေတာပဲ"

"ဒီလိုနဲ့ လေးယောက် မြောက် သူငယ်ချင်းနဲ့တွေ့အပြီးမှာ ဖြူသူလုတွေ ဝေနေပြီဗျ၊

ငါက ကြီးကို ချစ်များ ချစ်နေပြီလားလို့ပေါ့၊ အဟေ့... ပြောရတာ အရသာရှိလိုက်တာ"

"အင်းပါ ရှင့်အလှည့်ကျတော့ ပြောထားဦးပေါ့ ရှင်"

"ဟာ...မနှောက်ယှက်ပါနဲ့ ဦးဗျုဒီမှာ ပြောလို့ကောင်းနေပြီ"

"ပြောပါ"

"အဲ့ဒီလိုနဲ့ ဖြူသူလှက ညဘက်မှာ ကျွန်တော့်ကို အိပ်မက်ထဲတောင် ထည့်မက်လိုက်သေးတယ်..

"အဟီး"

"ဒီတော့...ကျွန်တော် က နောက်တစ်နေ့မှာ ဖြူသူလှကို ချစ်တယ်လို့ပြောလိုက်တာပေါ့"

"နေဦး"

"ဟားလာပြန်ပြီ"

******

(၂၃)

"ရှင်ကရည်းစားစကားပြောချင်တာပဲသိတာ၊ သူ့အခြေအနေကို နည်းနည်း လေးမှ မရိပ်မိ ဘူးလား"

"သူကဘာ ဖြစ်နေလို့လဲ"

"မျက်နှာလေးနည်းနည်း ချောင်နေတယ်လေ"

"အာ...ကျွန်တော် နဲ့ မဆိုင်ဘူးနော်"

"ရှင်နော်...ဘာတွေ ပြောနေတာလဲ"

"ကျွန်တော့်ကြောင့် လို့ ထင်သွားမှာ

ဆိုးလို့ပါ

ခင်ဗျားကလဲ"

ညှိသူက သူ့စကားကို ဂရုမစိုက်တော့ဘဲ

သူ့လိုရင်းစကားကိုသာ ပြန်ဆက်သည်။

"သူမှာ အမေ တစ်ယောက် တည်းပဲ

ရှိတော့တယ် ဆိုတာကို ရှင်လည်းသိတယ်နော်"

"အင်...သိတယ်လေ"

"အခုတစ်လော သူညညှ အိပ်မက်

မက်လေ့ရှိတယ်တဲ့"

"ဘာအိပ်မက်လဲ၊ ခုနက ကျွန်တော် ပါတဲ့

အိပ်မက်လား"

မျက်စောင်းထိုး၏ ။သူ့စကားကို

မသိချင်ယောင်ဆောင်ပြီး ဖြူသူလှ၏ အိပ်မက်
အကြောင်းကို ဆက်ပြောသည်။

"အိပ်မက်ထဲမှာ သူ့အဖေနဲ့ တွေ့တယ်တဲ့"

"ဩော်...သူ့အဖေကို တွေ့တာလား၊ တွေ့တော့"

"သူ့ကို စကားတစ်ခွန်းပြောတယ်"

"ဘာပြောလို့လဲ"

ကကြီးက အလောတကြီး မေးလိုက်သည်။

"ရှင်ကလည်း လောလိုက်တာ ပြောမှာ ပေါ့"

"မြန်မြန်သိရလေ မြန်မြန်ဖြေရှင်းပြီး မြန်မြန် အဖြေတောင်းရအောင်လို့ပါ"

"စိတ်ရှည်စမ်းပါ ရှင်ကလည်း"

ကကြီးက သက်ပြင်းချလိုက်ပြီး...

"အင်းပါဗျာ၊ ပြောပါတော့"

"ဒီလိုမှပေါ့ ဖြူသူလှ အဖေက ဖြူသူလှကို အပ်မက်ထဲမှာ ထရာဇ ၆ ထရာဇ ၆၊ ဆိုပြီး လာလာ ပြောတယ်တဲ့"

"ဟင်း...ဘိုကြီးလဲဟ"

ဘယ်လိုကြီးလဲဟဟု ပြောတာပါ၊ လောကြီးသွားလို့ ဘိုလိုကြီးလည်းဟဟု ထွက်သွား ခြင်း ဖြစ် သည်။ အိပ်မက်ထဲမှာ သူ့အဖေက အဲ့ဒီစကားတစ်ခွန်းပဲ နေတိုင်းလာပြောတာတဲ့ ဖြူသူ လှက လည်း အပ်မက်တွေ ဘာတွေ ယုံတော့ သူ့အဖေက သူ့ကိုတစ်ခုခုက သတိပေးတာလို့ပဲ ယုံကြည်နေတယ်၊ ဒါပေမဲ့ ဘာအဓိပ္ပာယ်မှန်း မသိဘူး ဖြစ်နေတယ်"

"အင်...နည်းနည်း တော့

ဖြေရှင်းရခက်မယ်ထင်တယ်"

ဒါနဲ့သူဘယ်အရွယ်တုန်းက သူ့အဖေ ဆုံးတာလဲ"

"သူငယ်ငယ်တုန်းက ဆုံးသွားတာပဲလို့ သူ့အမေက ပြောတာပဲတဲ့"

"ဟုတ်ရော် ဟုတ်လို့လား"

"ဘာ ဖြစ်လို့လဲ"

"ဟို...ရုပ်ရှင်တွေ ထဲကလို ယောက်ျားကို စိတ်နာလို့ နင့်အဖေ သေပြီလို့ ပြောတာမျိုး ရောမ ဖြစ်နိုင်ဘူးလား"

"မ ဖြစ်နိုင်ပါဘူး"

ညို့သူက အတင်းငြင်းသည်

"ဒါဆိုဖြူသူလှက သူ့အဖေကို

မြင်ရောမြင်ဖူးလား"

"အဲ"

"မမြင်ဖူးဘူးဆိုရင် အပ်မက်ထဲကလူဟာ သူ့အဖေမှန်း လယ်လိုလုက်သိနိုင်မှာ လဲ"

"ဟာ...ရှင်ကလည်း သူ့အဖေဓာတ်ပုံတော့ ရှိမှာ ပေါ့"

"ဒါဆို Black and white ပဲ ဖြစ်မှာ "

"ဘာရှင့်"

"သြော်...အဖြူအမဲ ဓာတ်ပုံ ဖြစ်မှာ ပဲလို့ ပြောတာ"

"ရှင့်စကားကို ဟိုလွဲ ဒီလွဲ မလုပ်နဲ့လေ၊ ကျွန်မမေးတာက အိပ်မက်အကြောင်းကိုမေးတာ

ဘယ်လို ဖြစ်ပြီး သူ့အဖေ သေလား

မသေလား ရောက်သွားရတာ လဲ"

ကကြီးကလည်း မဆိုင်းမတွ ပြန်ဖြေသည်။

"အိပ်မက်ကို ဖော်ရတာ လွယ်ပါတယ်၊ ဒါပေမဲ့ အိပ်မက်ထဲကလူဟာ သူ့အဖေမှန် သေချာအောင် မေးရတာ ပါ"

" ဒါဆိုရှင်က သူ့အိပ်မက်အကြောင်း သိတာပေါ့"

"သိပေါ့"

"အဟုတ်"

"ဩော်...သိပေါ့"

"အဟုတ်"

"ဩော်...သိပါတယ်ဆိုနေမှ"

"ဒါဆိုလည်း...နောက်နေမှပြောတော့ရှင်"

Saving screenshot

"အာ..."

ညို့သူက မပြောမဆိုနှင့် ထထွက်သွားလေသည်။ ကင်တင်းမှကကြီး တစ်ယောက် တည်း ကြောင်တိကြောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။

******

(၂၄)

"အဘိုးကြီးက စာတော် တော် ဖက်ခဲ့ပုံရတယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဗျ"

"အဲ့ဒီအိပ်မက်ထဲကစကားကို ကျွန်တော်

စာအုပ်တစ်အုပ်ထဲမှာ ဖက်ဖူးတယ်"

"ဒါဆိုပြောပါဦး အဓိပ္ပာယ်က ဘာတဲ့လဲ"

"ပြောမယ်ပြော

သေသေချာချာပြောပြမယ်ဗျာ"

ဟုဆိုပြီး ကကြီးက ထိုင်ခုံပေါ်တွင်

ခြေထောက်နှစ် ချောင်းအားချိတ်ပြီး ထိုင်လိုက်၏ ။

ညီသူ ကတော့ သူ့ အတိုင်းလိုက်မထိုင်ပါ။

ထို့နောက် ကကြီးသူ့စကားကိုစပြောသည်။

တစ်ခါတုန်းက အထက်ကျေးရွာတစ်ရွာမှာ

ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်

အင်......

တစ်နေ့ အဲ့ဒီ ဘုန်ကြီးကျောင်းမှာ ရှိတဲ့

ကပ္ပိယ ဖိုးသူတော် တစ်ယောက် က အိုးသစ်တ စ်လုံးကို

Saving screenshot

အဖုံးလုံအောင်ပိတ်ပြီး အိုးလည်ပင်းမှာ စာလုံးကြီးကြီး အချို့ ကို ထုံးဖြူနဲ့ရေး ထားတာ လူတိုင်း တွေ့ရတယ် ထရာဇ ၆ လို့ရေး ထားတာလား။

"အင်...ဟုတ်တယ်"

"ဘာအဓိပ္ပာယ်လဲ"

အစ ကတော့ ကျောင်းမှာ ရှိတဲ့ ဘုန်းကြီးက (ထ) ကတော့(ထ)လို့ အဓိပ္ပာယ်ယူ၊ (ရာဇ)ဆို တာက (မင်း) ခြောက်)ဂဏန်းကိုတော့ သော
လို့ခေါ်ရတယ်ဆိုပြီး (မင်းထသော )လို့ အဓိပ္ပာယ်
ကောက်တယ်

"ဟင်း... ဘယ်လိုအဓိပ္ပာယ်ကြီးလဲ"

ဟုတ်တယ်ဘုန်းကြီးတွေ ကလည်း ဘယ်လိုအဓိပ္ပာယ်ကြီးလဲပေါ့ဆိုပြီး နားမလည်း ဘူး ဖြစ်နေ ကြတယ်၊ အဲ့ဒီမှာ အဓိပ္ပာယ်မှန်

သိရအောင်ဆိုပြီး ရေး တဲဖိုးသူတော် ကိုခေါ်ပြီး မေး တယ်။

“ဘာရေး ထားတာလဲပေါ့၊ ဟုတ်လား”

“အင်”

“သူကရော ဘယ်လိုဖြေလဲ”

ဖိုးသူတော် က (ထ)ကို(ထ)လို့ပဲယူပါဘုရား၊ ပြီး...(ရာဇ)ကိုတော့(မင်း)လို့ယူ၊ (၆)ဂဏန်း ကိုတော့ (ခြောက်)ပဲ ယူပါဘုရား ဆိုပြီး ဘယ်လိုအဓိပ္ပာယ် ဖြစ်သွားလဲ ထမင်းခြောက် အိုးလို့ဆိုပြီး အမှတ်အသား ပြုထားတာပါဘုရား ဆိုပြီး လျှောက်တင်တယ်။

“အင်သူ့ဟာနဲ့သူတော့ ဟုတ်သွားတာပဲ”

ညီ့သူက ခေါင်းလေးညိတ်ရင်း ထောက်ခံသည်။

Saving screenshot

"ထမင်းခြောက်ဆိုတာနဲ့
ဗိုက်တောင်ဆာလာပြီ ထမင်းစားရအောင်ဗျား"

ဟုဆိုပြီး ကကြီးက ထမင်းနှင့် ဟင်းအချို့ကို
လှမ်းမှာ လိုက်သည်

******

(၂၅)

ဖြူသူလှအဖေက
ထမင်းခြောက်ဆိုတဲ့အဓိပ္ပာယ်ကို
ပြောချင်ပုံရတယ်ဆိုပြီး ကျွန်တော် က
သူကိုပြောလိုက်တယ်။

"အဲ့ဒီမှာ သူတစ်ခုသွားသတိရတယ်ရှင့်"

"ဘာတဲ့လဲ"

Saving screenshot

“သူငယ်ငယ်တုန်က သူ့အဖေရဲ့ သေတ္တာကို သူ့အမေကပြဖူးတယ်တဲ့”

“အဲ့ဒီတော့”

“သေတ္တာထဲမှာ ထမင်းချောက်တစ်ထုက် တွေ့ဖူးတယ်တဲ့”

“အား…သူတိုကလည်း မကြော်စားဘူးလားဗျ”

“သူ့အမေက အမှတ်တရသိမ်းထားတာ ဖြစ်မှာ ပေါ့”

“ထားပါ အဲ့ဒီတော့ ဘာဆက် ဖြစ်လဲ”

“သူ့အဖေရဲ့ အဲ့ဒီထမင်းခြောက်ထုပ်ကြီးကိုပြန်ယူကြည့်တာပေါ့”

“ဘာတွေ့ရလဲ”

“ထမင်းခြောက်တွေ ကြားထဲမှာ

သင်္ကြိန်စာကို ရှေ့ခေတ်တုန်းက အပြောင်အပြက်

သဘောမျိုး နဲ့ ရေး ထားတဲ့ စာတစ်စောင်တွေ ့ရတယ်။

သင်္ကြိန်စာကို ငေါ့ရေး ထားတာပေါ့”

“ဟုတ်တယ် ရှေးခေတ်တုန်းက စာပါ”

“ပြောပါဦး ဘယ်လိုရေး ထားလို့လဲ”

“ ဒီလိုပါ”

ညှိသူက တစ်ဖက်ပါအတိုင်း ရွက်ပြ၏ ။

တပေါင်း တန်ခူး လေဟူးဟူး၊ ဆူးလည်း

နေရာ

ရွှေလတ္တံ့။ တောင်လေလာ မြောက်မှာ အမှု

က်စုလတ္တံ့။

ကျီးကန်း၊ ဥသြ၊ လင်းမြီးဆွဲလည်း မည်

Saving screenshot

းလတ္တံ့။

ရေပိုးရေမွှား ရှားလတ္တံ့။ ငါးရံ့မျှား လတ္တံ့။

တံုးတင်ကို ပုတ်သင်စောင့်လတ္တံ့။ အပျိုကို လူပျိုစောင့်လတ္တံ့။

စားဖို့ကို မီးစောင့်လတ္တံ့။ စအိုကို အီးစောင့်လတ္တံ့။

ခွေးသေကောင်ပုပ်ကို လင်းတ ထိုးလတ္တံ့။

အမှိုက်ပုံကို ခွေးချေးယိုလတ္တံ့။

******

(၂၆)

"ဟာ...ဟာ၊ ပေါက်ပေါက်ရှာရှာ ရေး ထားတာ

ပဲဗျ"

"အင် ....ဟုတ်တယ်"

ကကြီးမှာ သကြံနိစာကို သဘောကျ၍ အဆက်မပြတ်ရယ်နေသည်။

ညို့သူချောက...

"ဖြူသူလှက ရှင့်ကိုမေးတယ်"

"ဘာမေးလဲ"

"ဘာ ဖြစ်လို့ ဒီသကြံနိစာကို သူအဖေက အိပ်မက်နဲ့ ညွှန်ပြရတာ လဲတဲ့"

"အာ..."

ကကြီးစဉ်းစားရပြန်သည်။ တော် တော် နှင့် အဖြေမထွက်ချေ...။

"ဘယ်လိုလဲ၊ မဖြေတတ်တော့ဘူးလား"

"ခဏာနေပါဦး၊ သင်္ကြန်စာကို ပြန်ရွက်ပြီး စဉ်းစားနေရလို့ပါ"

တကယ်လည်း ကကြီးမှာ သင်္ကြန်စာကို ပြန်ရွက်ပြီး စဉ်းစားနေရသည်။

ထိုနောက် တစ်ဆုံတစ်ခုကို သတိထားမိသွားပြီး ဟာ...သိပြီ။

"ကဲ....ဒါဆိုလည်း ပြောပြ"

"ဟဲဟဲ ကျွန်တော် က ဉာဏ်ကောင်းပြီးသားပါ ဗျ"

အရေး ထဲ ကကြီးက မဆီမဆိုင် ကိုယ်ရည်ဝင်သွေးသည်။

"ဘလိုင်းကြီးပဲ ဘာမှလဲမဆိုင်ဘူး"

"တစ်ခါ တလေလေး ပြောကြည့်တာပါဗျာ"

“ဟုတ်ပါပြီ ဒီတစ်ခါတော့ သည်းခံလိုက်ပါမယ်”

“ရရင်လည်း ပြောပြတော့”

“အင် ပြောပါမယ်ဗျ”

“ပြော...ပြော”

“အဲ့ဒီသကြိန် စာထဲမှာ အပျိုကို လူပျို စောင့်လတ္တံ့လို့ ပါတယ်မှတ်လား။”

“အင်...ပါတယ်လေ”

“ဒါကြောင့် ကျွန်တော် က ဖြူသူလှကို ပြောလိုက်တယ်”

“ဘာပြောလိုက်တာလဲ”

“ဖြူသူလှရဲ့ အဖေက ဖြူသူလှကို အိမ်ထောင်ပြုသင့်ပြီလို့အိမ်မက်ထဲက သတိပေးတာပါ

ဆိုပြီး ပြောလိုက်တယ်"

"ဟုတ်ရော ဟုတ်လို့လား"

"အဲ့ဒါတော့ မသိဘူး"

"ဟုတ်မှာ ပေါ့ ကျွန်တော် လည်းကြုံတုန်း အချစ်ဘက်ပါအောင် ပြောရတာ ပဲ မဟုတ် လည်း ဟုတ်လိုက်ပါဗျာ။"

"အင်းပါ ဟုတ်တယ်ပဲ ထားလိုက်ပါတော့"

"ဟေး"

ကကြီးမှာ ပျော်လွန်း၍ အော်မိသည်။

"ရှင်ဘာလုပ်တာလဲ"

ညိုသူမှာ ဘေးပတ်ဝန်းကျင်ကို ရှက်လွန်း၍ ကကြီးကို လှမ်းဟန့်သည်။

"ပျော်လို့ပါဗျ"

"ဘာကိုပျော်တာလဲ"

"ဖြူသူလှက
လက်ထက်ဖို့ဆုံးဖြတ်လိုက်ပြီလေ"

"ရှင့်ကိုမဟုတ်သေးပါဘူး"

"အင်းပါ ဒီကလည်းသိပါတယ် ဒီအဆင့်ထိ
ရောက်အောင်တောင် မနည်းပြောလာရ တာဆိုတော့
နည်းနည်းပျော်ခွင့်လေးတော့ ပေးပါဗျာ"

"ဒါဆိုလည်း ပျော်ပေါ့ရှင်"

နှစ် ဦးသား ရင်ထဲတွင် နွေးထွေးသွားသည်။
အပြုံတွေ ဖလှယ်ရင်းနဲ့ အတူ နှလုံးသားရော
ဖလှယ်ကြမှာ လား...

သေချာမသိသေး... ဇာတ်လမ်းသည်
အဆုံးထိမရောက်သေးချေ....။

******

(၂၇)

သူ့ အဖေကြောင့် အချစ်ရေး အိမ်ထောင်ရေး ကို စိတ်ဝင်စားသွားပြီးဆိုတော့ ဖြူသူလှက သူလက်ထက်မယ့် ချစ်သူရည်းစားကို ရှာရတော့မယ် အကွက်တော့ဝင်ပြီ၊ အချစ်ရေး ကို စိတ်ဝင်စားနေတုန်း အဖြေလေးတောင်းမှ နေဦး။

"ဟာ...ခင်ဗျား နေဦး ကိုပဲ ကြောက်ကြောက်နေရတယ်"

"သိပ်မကြောက်ပါနဲ့၊ ဖြူသူလှက အချစ်ရေး ကို စိတ်ဝင်စားသွားပြီးပဲရှင်"

"ထားပါတော့ ဘာနေဦးလဲ"

“ဒီလိုရှင့်၊ ဖြူသူလှက
လည်တော့လည်တယ်”

“ဘာကိုလဲ”

“သူကြိုက်မယ့် ယောကျ်ားဟာ
ဘယ်လိုအချက် အလက်တွေ နဲ့ပြည့်စုံရမယ်
ဘာညာပေါ့”

“ဩော် သူက အချက်အလက်တွေ ဘာတွေ
ချထားတာကိုး”

“ဟုတ်ပါ့ရှင် ဟုတ်ပါ့”

ညှိသူကလည်း ဘယ်လို ဘယ်လိုလဲ
ဆိုတဲ့ပုံစံဖြင့် ကြည့်၏ ။ ကကြီးကလည်း ရပါ တယ်...
.ရပါတယ်ဆိုတဲ့ပုံစံဖြင့် ပြန်ကြည့်ပြီး

“ဖြူသူလှက အပျိုကြီး
လုက်မယ်လို့တော့မစဉ်းစားထားပါဘူးနော်”

"မစဉ်း စားထားပါဘူး"

"ဘာ ဖြစ်လို့လဲ"

"သြော်...ဇီဇာကြောင်သလားလို့"

"ဘာရှင့်"

ညို့သူချောအော်သံကြောင့် ကကြိုး

ကင်းတင်းထဲမှ ပြေးထွက်လာခဲ့လိုက်ရသည်။

(၂၈)

"ဘယ်အချက်တွေ ကို သူက ချမှတ်ထားလို့လဲ"

"သုံးချက်"

ညှိုသူက ပြတ်တောင်း ပြတ်တောင်း ပြန်ဖြေသည်။

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

ဘာမှပြန်မပြော....။

"စိတ်မဆိုးပါနဲ့ဗျာ၊ အဲ့ဒီလိုမျိုး အခြေအနေ မျိုး ကြီးဆိုရင်တော့ ဇာတ်လမ်းဆက်ပြောလို့ ဘယ်ကောင်းတော့မလဲ"

"မသိဘူး၊ ဖြူသူလှ ကတော့ ရှင့်ကို

Saving screenshot

စိတ်ဆိုးနေတယ်"

"ဘယ်သူ"

" ဖြူသူလှက ရှင့်ကိုစိတ်ဆိုးနေတယ်"

"ဘယ်သူ"

"ဖြူသူလှက ရှင့်ကိုစိတ်ဆိုးနေတယ်"

"အို..."

သူမစိတ်ဆိုးနေတယ်ပေါ့၊ စိတ်ကောက်နေတယ်ပေါ့။ ဖြူသူလှဆိုတာလည်း သူမပါပဲ လား။

"ဒါဆိုအခု ညီသူချောက သူ့ကိုစိတ်ဆိုးနေတာပါလား။"

"စိတ်မဆိုးပါနဲ့လို့ ပြောပေးပါဗျာ"

"မရဘူးသူတော် တော် လေး

စိတ်ဆိုးနေတာ”

နှုတ်ခမ်းလေးစူပြီးပြောသည်။

ချစ်ဖိုကောင်း၏ ။ ဒါနဲ့ သူကလည်း တိုက်စစ်တစ်မျိုး ဆင်ရ တော့သည်။

*******

## (၂၉)

“မုန့်ဝယ်ကျွေးမယ်ဗျာ၊ စိတ်ဆိုးပြေတော့”

“အံမယ်၊ ကိုယ့်ဘာသာကိုဝယ်စားမှာ ပေါ့”

“ညိုသူချော ပြောတာလား”

“ဟင့်အင်း....ဖြူသူလှက ပြောတာ”

“ဟား....ဟား” သူသဘောကျစွာ ဖြင့်

ရယ်လိုက်မိသည်။ သူရယ်ကာမှ သူမက ပို၍ စိတ်ဆိုးတော့သည်။ တစ်မီးနစ်ခန့် ငြိမ်သက်သွားကြသည်။

ညိုသူကလည်း မျက်နှာကို တစ်ဖက်လှည့်ထား၏ ကကြီး ကတော့ ညိုသူ့မျက်နှာကို ကြည့်ပြီး ဘာမှမပြောဘဲ နေနေမိသည်။ သူမ ကတော့ သူ့ကိုစိတ်ဆိုးနေသည်။ အကြောင်းပြ ချက်ရေရေရာရာမရှိဘဲ စိတ်ဆိုးနေသည့် သူမပုံစံလေးကို ကြည့်ကာ ကကြီးပျော်နေမိသည်။

"တကယ်မုန့်မစားဘူးပေါ့"

"ဟုတ်တယ်မစားဘူး"

ကကြီးကို မကြည့်ဘဲ ပြန်ဖြေသည်။

"မုန့်က ရိုးရိုးမုန့် မဟုတ်ဘူး"

လှည့်မကြည့်သေး....။

“ပွားညို့ကို အဖြေပြန်ပေးစေတဲ့မုန့်”

“ဘယ်လို”

သူမ လှည့်ကြည့်သည်။

ကကြီးကလည်း အကွက်ဝင်တုန်း သေချာရှင်းပြရသည်။

“ကျွန်တော် တို့ ပန်းခြံမှာ တွေ့ တဲ့ ပွားညိုကို မှတ်မိလား”

“အင်း”

ကောင်းကောင်း မွန်မွန်ပြန်ဖြေသည်။ စိတ်တော့ နည်းနည်း ဆိုးနေပုံရသည်။ သို့သော် မုန့်ကို စိတ်ဝင်စားနေ၍ စကားပြန်ပြောနေခြင်း ဖြစ်သည်။

“ပွားညိုကောင်လေးက ပွားညိုကို လိုက်တုန်းက ပေါ့”

Saving screenshot

"ပွားညို့က ဘယ်လိုမှ ပြန်မကြိုက်ဘူး"

"အဲ့ဒီတော့ ပွားညို့ကောင်လေးက ပွားညို့ကို အခုလိုမုန့်လေး လုပ်ကျွေးလိုက်တော့ ပွားညို့က ပြန်ချစ်ရော"

"မုန့်က ဘာမုန့်.မို့လို့လဲ"

"အထူးစီမံဖော်စပ်ထားတာပါ"

" ဟွန်....အထူးစီမံထားတာမုန်း ဘယ်လိုလုက်သိမှာ လဲ။"

ညို့သူက မယုံသလို ပြောနေသော ကြောင့် ကကြီးစိတ်မကောင်း ဖြစ်သွားသည် ထို့ကြောင့် လွယ်အိတ်ထဲမှ စာရွက်အလွတ်တစ်ရွက်ယူလိုက်၏ ။ ပြီး...စာအနည်း ငယ်ရေး ပြီး နောက် ညို့သူချောရှေ့သို့ ထိုးပေးလိုက် သည်။

"ဒါဟာ ...ငါကိုယ်တိုင်လုပ်ထားတဲ့ နှင့်

အတွက်မုန့်ပါ။"

"မုန့်နာမည် က ချစ်သူနှစ် ဦးမုန့်လို့ ခေါ်ပါတယ်"

လွယ်အိပ်ကလေးကို ကိုင်ပြီး ကင်းတင်းထဲမှ စိတ်မကောင်းစွာ နှင့် ထွက်လာခဲ့လိုက် သည်။

ညိုသူ ကတော့ ကကြီးပေးလိုက် သော စာရွက်ကို ဖက်ကြည့်လိုက်၏ ကိတ်မုန့်ဖုတ်နည်း တစ်ခု ရေး ထားပြီး ကိတ်မုန့်ဖုတ်ရာတွင် ပါဝင်ရမည့် ပစ္စည်းများ နေရာတွင် အချစ်၊ မေတ္တာ၊ ကရုဏာ စသည့် စကားလုံးလေးများ အစားသွင်းထည့်ထားသည်ကိုတွေ့ရသည်။ ညိုသူလှမ်း ကြည့်လိုက်သော အခါတွင် ကကြီးမှာ အတော် ဝေးဝေးသို့ ရောက်နေပြီ ဖြစ်သည်။

*******

Saving screenshot

(၃၀)

"သူယူမယ့်ယောက်ျား (သို့)
သူချစ်မယ့်ယောက်ျားဟာ အချက်သုံးချက်နဲ့
ပြည့်စုံရမယ် တဲ့"

"ဪ...ခက်ပြီ၊ ဘာများ လဲ"

"တစ်အချက် သူယူမယ့်ယောက်ျားဟာ
ဉာဏ်တုံးတဲ့လူ ဖြစ်ရမယ်"

"ဘယ်လို ဖြစ်တာလဲ၊ သူများ တွေ တော့
ဉာဏ်ကောင်းတဲ့လူပဲကြိုက်တယ် ကြားဖူးပါတယ်၊
သူကျမှဉာဏ်တုံးတဲ့လူတဲ့"

"အဲ့ဒါတော့မသိဘူး၊ ဖြူသူလှ
စည်းကမ်းပဲရှင့်"

"ထားပါတော့ ဆက်ပြောပါဦး

ဒုတိယအချက်က "

"ဘာတဲ့လဲ"

"ဒုတိယအချက်က အဲဒီ လူဟာ နာရီမရှိတဲ့လူ ဖြစ်ရမယ်"

"အင်း....ဒါကြတော့ ခပ်ဆန်းဆန်းပဲ"

"တတိယ အချက် ကတော့ သူရွေးချယ်တဲ့လူဟာ သူ့ကိုရင်ခုန် ကြည်နူးမှု ၊ အံ့သြမှု အားလုံးပြည့်စုံအောင် ဖန်တီးထားတဲ့ မင်္ဂလာအခမ်းအနားနဲ့ လက်ထက်နိုင်တဲ့လူ ဖြစ်ရမယ်။"

"ဟင်း"

ကကြီးငြိမ်ကျသွားသည်။ ညိုသူကလည်း ဘာမှဆက်မပြောဘဲ တစ်စုံတစ်ခုကို လေး လေးနက်နက်တွေးနေလေသည်။

Saving screenshot

ထိုစဉ် ညိုသူချောမှ ကကြီးအား စကားတစ်ခွန်း လှမ်းပြောလိုက်သည်။

"ကဲ…ဘယ်လိုလဲ၊ ရှင်…ဖြူသူလှကို ဆက်လိုက်ဦးမှာ လား"

ကကြီးသည် စားပွဲကို ငြိမ်ကြည့်နေရာမှ ညိုသူချောကို မော့ကြည့်လိုက်သည်။ ညိုသူချော၏ မျက်နှာသည် တည်ငြိမ်နေသည်။ သူဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်တော် က သူ့ကို တကယ်ချစ်တာပါ၊ ဘယ်လိုကိစ္စအခက်အခဲပဲ ရှိပါစေ ကျွန်တော် ဆက်ချစ်ပါမယ်"

*******

Saving screenshot

(၃၁)

"ဖြူသူလှကသူသတ်မှတ်ထားတဲ့ အချက်တွေ နဲ့ ပြည့်စုံတဲ့လူကို ဘယ်လိုရှာမှာ လဲ"

"စမ်းသက်ရမှာ ပေါ့"

"ဟဲ....ဟဲ၊ ဒါဆိုကျွန်တော့်ကို အရင်စမ်းသက်ကြည့်ပါလို့ ပြောရမှာ ပဲ"

" အင်းလေ....ရှင်ပဲ အနီးဆုံးရှိတော့ ရှင်ပဲစမ်းသပ် စစ်ဆေးရမှာ ပေါ့"

"ဟော့....ဟော့"

ကကြီး ပျော်နေသည်။

ထို့အတူ ညိုသူလည်း ပျော်နေသည်ဟု ထင်ရပါသည်။

"ပထမဆုံး သူက မေးခွန်းတစ်ခု

မေးထားတယ်”

“ဘာများ လဲ”

“အသည်းကွဲရင် ဘာလုပ်မလဲတဲ့”

“ဩော်....လွယ်လွယ်လေးပဲ”

“ဒါဆို ပြောပါဦး ရှင်အသည်းကွဲရင် ဘာလုပ်မလဲ”

“ကောင်မလေး သနားအောင် အက်ဆစ်သောက်ပြလိုက်မယ်ဗျာ၊”

“ဟင်း ...ကောင်မလေး သနားပြီး ပြန်ချစ်တာတောင် ရှင်ကသေနေပြီးပဲ”

“ဟဲ..ဟဲ..ကျွန်တော် က အက်ဆစ်အပြင်း ဘယ်သောက်မလဲဗျ၊”

“အက်ဆစ်ပျော့ ဖြစ်တဲ့ သံပရာရည်ကို

Saving screenshot

သောက်မယ်လို့ ပြောတာပါ။”

“ဪ...အဲဒီ လိုလား”

“ဟုတ်တယ်”

“ဒါဆို ဖြူသူလှက ရှင့်ကို ပြန်ကြိုက်မယ် မထင်ဘူး”

“ဟာ....ဘာ ဖြစ်လို့လဲ”

ကကြီးက ထိတ်လန့်စွာ ဖြင့် ပြန်ပြောသည်

“ပထမ အချက် ဖြစ်တဲ့ သူရဲ့ လက်တွဲဖော်ဟာ ဉာဏ်မကောင်းတဲ့လူ” ဖြစ်ရမယ်လေ။

“ဟင်း ...အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ”

“ဟုတ်တယ်လေ၊ အခု ရှင်က ကောင်မလေးကို ဖြတ်ထိုးဉာဏ်သုံးပြီး လှည့်စားတာကို ၊ အဲ့ဒီတော့ ဖြူသူလှက ရှင့်ကိုဉာဏ်တုံးတယ်လို့

မထင်တော့ဘူးရှင့်"

"ဩော် ခင်မျိုးက ဝင်ဆင်ပြီး ချောက်တွန်းတာပေါ့လေ"

"ဟဲဟဲ အဒီလိုလဲ မဟုတ်ရပါဘူးရှင်"

ကကြီးက ညို့သူရှေ့သို့ ကိုယ်လေးနည်းနည်း ကိုင်းလိုက်ပြီး အသံတိုးတိုးလေးဖြင့် ပြော လိုက်သည်။

"ခင်မျိုးမသိသေးတာ တစ်ခုရှိတယ်"

"ဘာလဲ"

"ကျွန်တော် သံပရာရေ မသောက်ခင်မှာ ဖျားချင်သလိုလို ဖြစ်လို့ ဆေးတစ်လုံး သောက်မိလိုက်သေးတယ်"

"ဒီတော့"

“ သေမလို ဖြစ်ပြီး
ဆေးရုံရောက်သွားတာပေါ့”

“ သေရောလား”

“မသေပါဘူး၊ ဒါပေမဲ့ ကောင်မလေး
ကတော့ သနားသွားတယ်။ “

“ပြီးတော့ ပြာသေးတယ်”

“ဘာပြောတာလဲ”

“ကိုကြီး သိပ်တုံးတာပဲ ၊ဒီလောက်တောင်
မသိဘူးလားတဲ့...ဟီး...ဟီး...”

“အင်းပေါ့လေ၊ ရှင်က ဒီလောက်တောင်
တုံးတယ်ဆိုတော့လည်း လက်ခံရမှာ ပေါ့”

ကကြီး အောင့်သက်သက်နှင့်
ခံလိုက်ရသည်။

Saving screenshot

*******

## (၃၂)

"နာရီမရှိတဲ့ လူဆိုတာ ဘာကိုပြောတာလဲ"

"စိတ်ရှည်တဲ့ လူကိုပြောတာ"

"အဲ့ဒါနဲ့ နာရီမရှိတာနဲ့ ဘာဆိုင်လို့လဲ"

"အချိန်နဲ့ အလုပ်လုပ်နေတဲ့ လူတော် တော်များများ က ပျာယာပျာယာနဲ့ စိတ်မရှည် တတ်ကြဘူးရှင့်၊ တစ်နည်းအားဖြင့် နာရီရှိတဲ့ လူတွေ ပေါ့"

"ဪ... နာ ရီမရှိတဲ့လူက အေးအေးဆေးဆေးနဲ့ စိတ်ရှည်တယ်ပေါ့"

"အင်း...ဒီလိုပဲ ဆိုရမှာ ပေါ့"

"ဒါဆို ဒုတိယအချက်ရဲ့ ဆိုလိုရင်းက စိတ်ရှည်တဲ့လူ ဖြစ်ရမှာ ပေါ့"

" ဟုတ်တယ်"

"ဒီတော့ ဖြူသူလက အဲ့ဒီအရည်အချင်းရှိတဲ့လူမှန်း သိအောင် ဘယ်လိုစမ်းသပ်မှာ လဲ"

"အသည်းကွဲတဲ့ လူနောက်ကို လျှောက်လိုက်ခိုင်းထားတယ်"

" ဟာဗျာ...ပျင်းစရာကြီးနေမှာ "

"ဘာ ဖြစ်လို့လဲ"

"သူက အသည်းကွဲနေတာဆိုတော့ ငေးငေးငိုင်ငိုင်နဲ့ သူလုပ်ချင်ရာ လုပ်နေမှာ ပေါ့၊ အဲ့ဒါကို သူ့နောက်လိုက်ရမယ်ဆိုတော့ စဉ်းစားကြည့်ပေါ့ "

“ဒါပေမဲ့ အဲ့ဒီလူ ပြုံးလာတဲ့အချိန်ကျရင် ဆက်လိုက်စရာ မလိုတော့ပါဘူး”

“ဒါလည်း မလွယ်ပါဘူး၊အသည်းကွဲပြီး စိတ်ညစ်နေပါတယ် ဆိုမှဘယ်မှာ ပြုံး တော့မှာ လဲ”

“အဲ့ဒါဆို ဖြူသူလုက ရှင့်ကို ပြန်ချစ်မယ် မထင်ဘူး”

“ဘာ… ဖြစ်လို့လဲ”

ကကြီး အလန့်တကြား ဖြစ်သွားသည်။

“ သူရဲ့ ဒုတိယအချက် ဖြစ်တဲ့ စိတ်ရှည်တဲ့လူ ဖြစ်ရမယ်လို့ သတ်မှတ်ထားတာလေ၊ အခုတော့ ရှင်က အသည်းကွဲတဲ့လူနောက်လိုက်ရမှာ စိတ်မရှည်ဘူး ဖြစ်နေပြီ”

“ဟာဗျာ၊စောစောကတည်းက ပြောတာမဟုတ်ဘူး၊လိုက်ပြီဗျို့ ၊လိုက်ပြီ၊

“အဲ့ဒီအသည်း ကွဲတဲ့လူနောက် လိုက်ပြီ”

*******

(၃၃)

“အသည်းကွဲတဲ့လူ ဘယ်သူလဲ”

“သူရဲ့ မောင်လေ”

“ဘယ်လို...သူဌေးကြီးရဲ့ သမီးသုံးယောက်နဲ့ ရသွားတဲ့မောင်လား”

“ဟုတ်တယ်”

“ဟင်...သူက ဘယ်လို ဖြစ်ပြီး အသည်းကွဲနေရတာ လဲ”

“သူဌေးကြီးက သဘောတူပြီး

Saving screenshot

နောက်တစ်နေ့မှာ သူ့မောင်လေးက

သူဌေးကြီးသမီးသုံး ယောက် နဲ့ တွေ့ရတယ်”

“အင်း”

“တွေ့တွေ့ချင်းပဲ သမီးသုံးယောက်

စလုံးက စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ကို အော်လွှတ်ကြ တယ်”

“ဘယ်လိုအော်လွှတ်တာလဲ”

“ပထမ သမီးကအော်တယ်၊တစ်...အချစ်တဲ့”

“ဟုတ်ပြီ”

“ဒုတိယသမီးကလည်း အော်ပြန်တယ်၊ နှစ်

...အပြစ်တဲ့”

“အဲ”

“နောက်ဆုံးတယောက် ကတော့ သုံး...

အမုန်းဆိုပဲ”

Saving screenshot

“ဟင်...ဘာတွေ လဲဟ”

“အဲဒါတော့ မသိဘူး၊
ကောင်မလေးသုံးယောက် က အော်ပြီးပြီးချင်းပဲ
သူတို့အခန်းထဲ သူတို့ပြန်ဝင် သွားကြတယ်”

“အဲဒါကြောင့် ဖြူသူလှမောင်က
အသည်းကွဲနေတာပေါ့”

“ဟုတ်တယ်”

“သူ့မောင် သူ့မောင်အသည်းကွဲနောက်ကို
ကျွန်တော် က လျှောက်လိုက်ကြည့်ပေး ရမှာ ပေါ့”

“ဘယ်လိုလဲ...ရှင်လိုက်မှာ လား”

“အင်းလေ...ယောက် ဖနောက်ကို
လိုက်ပေးရတော့မှာ ပေါ့”

“ရှင်နော်”

ညို့သူချော၏ မျက်စောင်းငေကို တော် တော် လေးရှောင်လိုက်ရသည်။

*******

(၃၄)

"ပထမဆုံးသူက အရက်ဆိုင်ထဲ ဝင်သွားတယ်ဗျ"

"ဒါဆိုလည်း လိုက်ပေါ့ရှင်"

"ထုံးစံအတိုင်း ကျွန်တော် လည်း သူ့ဘေးမှာ ဝင်ထိုင်လိုက်ရတာ ပေါ့"

"ရှင်လည်း သောက်မယ်ပေါ့"

"သောက်ရမှာ ပေါ့၊ဒါမှ မြိုင်မှာ "

"ဟွန်း...ရှင်တို့ယောကျာ်းတွေ က အတူတူပဲ"

ညိုသူချောက စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

"ခင်ဗျား မကြိုက်လည်း မသောက်တော့ပါဘူးဗျာ၊"

"လာချပေးတဲ့ခွက်ကို ပြန်သိမ်းလိုက်ဖို့ ပြောလိုက်ပါပြီ"

"ဟွန်း"

ဘာမသိသော ထို ဟွန်း သံလေးက ချစ်ဖို့ကောင်းသည်။

"အဲ့ဒီမှာ ဖြူသူလှမောင်က သူ အသည်းကွဲတဲ့ အကြောင်းတွေ စပြောတာပေါ့"

Saving screenshot

"ရှင်က နားထောင်နေတာပဲလား"

"နားထောင်ရမှာ ပေါ့၊ သူက အသဲကွဲပြီး စိတ်ညစ်နေတဲ့ဟာကို"

"သူကဘာတွေ ပြောလဲ"

"သူ့ငွေကြီး သမီးသုံးယောက် ကို သိပ်ချစ်ကြောင်း၊မြတ်နိုးကြောင်းတွေ ပေါ့"

"ဩော်...ဟုတ်တာပေါ့၊ ဒါပဲပြောမှာ ပဲလေ"

"သူစကားပြောတာ တော်တော် ကြာတယ် ဗျ"

"ဟုတ်လား"

"အဲ့ဒီမှာ ကျွန်တော် က အကြံတစ်ခုရသွားတယ်"

"ဘာလဲ"

ဖြူသူလှက မောင်လေးကို ကျွန်တော် က ဒီလိုပြော လိုက်တယ်၊ ဖြူ့မောင်လေးရေလို့

“ဘယ်လိုပြော လိုက်တာ”

“ဖြူ့မောင်လေးလို့ အရင်ခေါ်လိုက်တာပါ၊”

“ဘာလဲမကြိုက်ဘူးလား”

“ရပါတယ်၊ ခေါ်ပါ”

အဲဒီ မှာ သူက ဘာရဲကွလို့ ပြန်ထူးတယ်။

“ဟင်...သူက စကားမပီဘူးလား”

“အာ...အရက်မူးနေတာလေ၊ စကားဘယ်ပီတော့မလဲ”

“အင်း...ဆက်ပြောပါဦး”

“သူ့ငွေကြီးသုံးယောက် ထဲက တယောက် ကပဲ မင်းကို ပြန်ချစ်နိုင်တယ်ကွလို့ ပြောလိုက် တယ်။”

"အဲ့ဒီတော့"

"ဖြူ့မောင်လေးက စိတ်ဝင်စားသွားတာပေါ့"

"ဘာ ဖြစ်လို့လဲအစ်ကိုကလို့ရော မမေးဘူးလား"

"မေးတာပေါ့"

"ရှင်က ဘယ်လိုပြန်ဖြေလိုက်လဲ"

"ကောင်မလေးသုံးယောက် အော်သွားတဲ့အထဲမှာ အဖြေပါတယ်လေ၊အဲ့ဒီမှာ မှ ပထမဆုံး ကောင်မလေးက"

"...တစ်"

"အချစ်လို့ အော်သွားတယ်မှတ်လား"

"အင်း... ဟုတ်တယ်"

“ဒါကြောင့် ကျန်တဲ့နှစ် ယောက် က ပြန်မချစ်နိုင်ဘူး၊ “

“ပထမတယောက် ကပဲ ချစ်နိုင်မယ်လို့ ပြောတာပါလို့ ပြောလိုက်တယ်။”

“ အဲ့ဒီတော့ ဘာ ဖြစ်သွားလဲ”

“ဖြူ့မောင်လေးက ကျွန်တော် ကို ပြုံး ပြတယ်လေ”

“အဲ”

နောက်ပြီး ကျွန်တော် ကို ကျေးဇူးတင်ကြောင်း တွေ ဘာတွေ ပြောပြီး အရက်ဆိုင်က ထွက်သွားတယ်။

“ဘယ်ကိုသွားမှာ လဲ”

“တစ်... အချစ်လို့ခေါ်တဲ့

ပထမသမီးဆီကိုပေါ့၊သူကအဲ့ဒီတယောက် ကိုပဲ

လက်ထပ် တော့မယ်လို့လည်းပြောသွားသေးတယ်"

"အို"

*******

(၃၅)

"အဲဒီ မှာ ဖြူသူလုက ကျွန်တော် ကို ကျေးဇူးမတင်ဘူးလား"

"ဘာ ဖြစ်လို့ တင်ရမှာ လဲ"

"သူ့မောင်လေးကို ကူညီလိုက်လို့လေ"

"ဟုတ်ပါပြီ၊ဟုတ်ပါပြီ၊ ဖြူသူလုက ကျေးဇူးတင်ပါတယ်တဲ့"

Saving screenshot

"ဒီလိုပဲ ဖြစ်ရမှာ ပေါ့၊ ကဲ...ဖြူသူလှရဲ့ နောက်ဆုံး စည်းကမ်း ဖြစ်တဲ့ ရင်ခုန်ကြည်နူးမှု ၊အံ့သြမှု အားလုံး ပြည့်စုံအောင် ဖန်တီးထားတဲ့ မင်္ဂလာအခမ်းအနားနဲ့ လက်ထပ်နိုင်တဲ့လူ ဖြစ်ရမယ်ဆိုတဲ့အချက်ကို စမ်းသပ်ခံရအောင် ရှင့်ကိုမစမ်းသပ်ခင်မှာ ပဲ နောက်ထပ်အကြောင်း အရာတစ်ခုက ပေါ်လာရောရှင့်"

"ဟာဗျာ...တတ်လည်းတတ်နိုင်လွန်းတဲ့ ဖြူသူလှကဗျာ၊ "

"ကဲ...ဘာလဲ ပြော"

"ဒီတစ်ခါ ရှင့်အတွက် စိတ်မကောင်းစရာပဲ"

"ဘာ...ဘာမို့လို့လဲ"

ကကြီးမှာ ညှို့သူချောစကားကြောင့် စိုးရိမ်စိတ်ဝင်သွားသည်။

“ပြောရမှာ တောင် စိတ်မကောင်း ဖြစ်နေတယ်”

“ပြောပြပါ... ဘာ ဖြစ်လို့လဲ”

“ဖြူသူလှကိုကြိုက်တဲ့ နောက်တယောက် ပေါ်လာတယ်ရှင့်၊”

“ရှင့်နဲ့ ပြိုင်ဘက်ပေါ့”

“ဗျာ“

*******

GOOdbye

လို့ နှုတ်ဆက်မခံချင်ဘူး

Saving screenshot

ငါလာတာ

မင်းကို

လက်တွဲ ဖို့

*******

(၃၆)

“အဲ့ဒီလူက ဘယ်သူလဲဗျ”

“သူတို့မြို့ ကပါပဲ”

“နာမည် ဘယ်လိုခေါ်လဲ”

“ငအ...တဲ့”

Saving screenshot

“ဟင်...နာမည် ကြီးကလည်း၊ ဪ...သိပြီ၊”

“သူက အနေလို့လား”

“မဟုတ်ပါဘူး၊ ရှင်က ကကြီး ဆိုတော့ သူ့ကို ငအ လို့ ပေးလိုက် တာပါ”

“ပြိုင်ဘက်ဆိုတော့ သူ့ကို ဘုရှုံးလေးဘာလေး ရှုံးဦးမှပဲ”

ကကြီးစကားကြောင့် ညှိသူမှာ တသော သော လေး ရယ်လိုက်သည်။

“ရှင်ကသာ ဘုရှုံးနေတာ၊ငအ က အခု ဖြူ သူလှရဲ့ အချက်သုံးချက်ထဲက နှစ် ချက်ကို အောင်မြင်သွားပြီ ဟုတ်တယ်လေ၊ အခု သူက ရှင်နဲ့ အတူတူ နောက်ဆုံးအချက်ကို စစ်ဆေးခံဖို့ စောင့်နေတယ်” ကကြီး ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

ခေါင်းကိုငုံ့ထားလိုက်၏ ။ သူ့ရင်သည် လှုပ်ချားနေသည်။ ညိုသူက ဘာ ဖြစ်လို့ တတိယ ဇာတ်ကောင်ကို ထပ်ထည့် လိုက်တာလဲ...။

"သူ့ကို မချစ်လို့လား။"

"ဒါမှမဟုတ် သူမကို တကယ့်အပြင်မှာ သူ့နဲ့ အပြိုင် ချစ်ရေး ဆိုတဲ့လူ ရှိနေလို့လား...။"

ကကြီး ငြိမ်နေသော ကြောင့် ညိုသူလည်း ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ဘာပဲပြော ပြော ငအကိုတော့ ပြိုင်ရတော့မည် ။

(၃၇)

"ကဲ…ဒီတော့ နောက်ဆုံးအချက်နဲ့ ပြည့်စုံလား ပြည့်ဆုံဘူးလားဆိုတာရှင့်ကို အရင်စမ်းသပ်မယ်

"ရပါတယ် ဘယ်လိုစမ်းသပ်မှာ လဲ"

"ဖြူသူလှကို လက်ထပ်မယ့် အစီအစဉ်ကို စိတ်ကူးနဲ့ ပြောပြရမယ်"

"ဒါလား…. ဖြစ်ပါတယ်၊ ဖြစ်ပါတယ်"

"ကဲ…ပြောတော့ ရှင်က ဘယ်လို လက်ထက်မှာ လဲ"

"မြန်မာတောအကြိုက် ဗွီဒီယိုထဲကအတိုင်း လက်ထက်မယ်"

"ဘယ်လို နားမရှင်းဘူး"

"တောအကြိုက် ဗွီဒီယိုကားတွေ ရော ကြည့်ဖူးလား"

" ကြည့်ဖူးတယ်လေ"

"ဒါဆိုပြောပြမယ် ကျွန်တော် က ကျွန်တော့်မင်္ဂလာဆောင် အခမ်းအနားကို တောကျေး ရွာလေး တစ်ခုမှာ လုပ်မယ်"

"အင်း"

"တောထုံးစံလေးအတိုင်း မင်္ဂလာအခမ်းအနားကြီးတစ်ခုဆောက်မယ်"

"ဟုတ်ပြီ"

"ရွာလုံးကျွတ် ဖိတ်မယ်ပေါ့ဗျာ"

"အင်း"

ပြီးတော့ မင်္ဂလာအခမ်းအနားမှာ အားလုံးမြင်သာအောင် ဆိုင်းဘုတ်ကြီးတစ်ခု "ထောင်မယ်"

"ဘာရေး ထားတာလဲ"

"ကဗျာလေးတစ်ပုဒ် ရေး ထားတာ"

"ဘာကဗျာလဲ"

"ကဗျာနာမည် က မင်္ဂလာဦးညတဲ့"

"အဟီး...မိုက်တယ်"

ကကြီးက စာရွက်အလွတ်တစ်ခုပေါ်တွင် မင်္ဂလာဦးည ကဗျား အား ရေး ပြသည်။

မင်္ဂလာဦးည

ရင်တဒိတ်ဒိတ်

အမှန်နှိပ်စက်ပါတဲ့

လသာသော ညလေးရယ်။

နေ့ခင်းကပင်ပန်းလာသမျှ

အတိုးချပြီး အိပ်တော့မယ်။

လရောင် က မှုန်ဝါးဝါး

ကြယ်တွေ သီချင်းဆိုနေတယ်။

ကျွန်တော့ခြေလှမ်း ခပ်မှန်မှန်နဲ့

အခန်းဆီကို ဦးတည်နေတယ်။

ရင်ကခုန် လက်ကတုန်နဲ့

ဘာ ဖြစ်နေလဲ စိတ်တွေ ရယ်။

ဖိနှိပ်ထား ကျွန်တော့ရင်

လက်တွေ တောင် ခုန်နေတယ်။

ကျွီ...(တံခါးဖွင့်သံ)

ကြာလိုက်တာ မောင်ရယ်

ချိုသာတဲ့စကား

ရင်ထဲက ပြောင်းဆန်

ဝေဒနာတွေ ဘေးချိတ်ထား။

ဖျတ်

ဟာ...မီးပျက်သွားပြီ။

ကဗျာကိုကြည့်ပြီး ညိုသူ ရယ်နေတော့သည်။ ကကြီးလည်းအခွင့်ရေး ရတုန်း ညိုသူ၏ ရယ်နေသော မျက်နှာလေးကို တစ်ဝကြီး ကြည့်နေလိုက်သည်။

********

Saving screenshot

## (၁၈)

"ကောင်းတယ်၊ ကဗျာကိုကြည့်ပြီး ကျွန်မတောင် ရင်တုန်လာပြီ"

"ဟဲ.....ဟဲ.... ဒီလိုပဲ ဖြစ်ရမှာ ပေါ့၊ ကျွန်တော်က ကျွန်တော့်မင်္ဂလာဆောင်ကို "ပိုးနဲ့သီတဲ့ ပန်း" လို့ နာမည် ပေးထားတာ

"ဟာမိုက်လိုက်တာရှင်"

ညိုသူ့စကားကြောင့် ကကြီးမှာ သဘောကျပြီးရင်း သဘောကျနေသည်။

ဒါမှလည်း သူ့ဆီ ချစ်တဲ့အဖြေရမှာ ပေါ.....။

"အဲ....မင်္ဂလာဆောင်နေတုန်းမှာ ပဲ မြင်းကိုဒုန်းစိုင်းစီးလာတဲ့အသံတွေ ကြားလိုက်ရတယ်"

"ဟင်"

“ဗွီဒီယိုထဲကအတိုင်း လူဆိုးတွေ ဗျ”

“သာဒင်ကို ဘာထင်သလဲလို့ရော အော်သေးလား”

“ဟင့်အင်း၊ ချစ်လူမိုက် ချစ်လို့မိုက်ခဲ့တယ်လို့တော့ အော်တယ်”

“ရော်...ဒီလူဆိုးက တစ်မျိုးပါလား”

“ခင်ဗျားကသာ တစ်မျိုးလို့ပြောနေတာ၊ ဖြူ သူလှ ကတော့ ကြောက်နေပြီ”

“နေပါဦး၊ အဲဒီ လူတွေ က ဘယ်သူတွေ လဲ”

“ဟာဗျာ.... ဖြူသူလှကို တစ်ဖက်သတ်ကြို က်နေတဲ့လူပါ၊ နာမည် က ဘာပါလိမ့်၊ မေ့ တောင်နေပြီ၊ သြော်...သိပြီ၊ မိုလ်ငအတဲ့”

“သြော်...ဂလိုလား”

Saving screenshot

“ဂလို...ဂလို”

“ကဲ....ပြောပါဦး၊ အဲဒီ မိုလ်ငအေက ဘာလုပ်လဲ”

“ဒိုင်းညှောင့်၊ ဒိုင်းညှောင့်ဆိုပြီး မိုးပေါ်ကို သေနတ်ထောင်ပစ်တာပေါ့”

“ဒီတော့ရှင်က ဘာမှန်ပြမလုပ်ဘူးလား”

“ဘယ်ရမလဲ ကျွန်တော် ကလည်း တရုတ်သိုးကားတွေ ကြည့်ထားတာတာပေါ့”

“ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့၊ အဲဒီ မှာ ကျွန်တော် က ဖျတ်ခနဲဆို စားပွဲပေါ်က သွားကြားထိုးတံတစ်ချောင်း ကောက်ယူလိုက်တယ်”

“အတွင် းအားနဲ့ ပြစ်လိုက်ရောလား”

"ဘယ်ကလာ ဖြူသူလုကို တစ်ခြမ်းချိုးပြီး ရော့...အင့်...ဆိုပြီး ပေးလိုက်တာပေါ့"

"ဟင်...ရှင်ကလည်း"

"ဟဲ.....ဟဲ....အဲဒီ မှာ ဖြူသူလုက "ကိုကိုကကြီး"က သိပ်ပြီးသွေးအေး တည်ငြိမ်တာပဲဆိုပြီး ....အဟီး"

"အရေး ထဲ ကြော်ငြာဝင်သေးတယ်။ ဆက်ပြောပါဦး၊ နှစ် ပိုင်းချိုးတော့ ဘာ ဖြစ်လဲ"

"ဖောက်...ဖောက်...ဆိုပြီး ပစ်လိုက်တာပေါ့"

"နှစ် ချက်တောင်လား"

"အင်းလေ၊ လူဆိုးက နှစ် ယောက် တောင်ကိုး"

"အဲ"

Saving screenshot

ညို့သူချော ခံလိုက်ရသည်။ ထို့နောက် သိချင်စိတ်ဖြင့် ....

"ထိသွားလား..."

"သြော်...တရုတ်သိုင်းကားတွေ ကြည့်ထားပါတယ်ဆိုနေမှ ထိလွှန်းလို့ "ဖောက်... ဖောက်.. "လို့ ပစ်လိုက်တာ၊ လူဆိုးနှစ် ယောက် "မြောက်....မြောက်" တက်သွားတာပဲ ကြည့်တော့"

"နောက်ဆုံးတော့ ဘာ ဖြစ်သွားလဲ"

"နောက်ဆုံးတော့ ဖြူသူလှက ကိုကိုကြီး၊ ကိုကိုကြီးရယ်ဆိုပြီး အဝေးကနေ ပြေး လာ၊ ကျွန်တော် ကလည်း ဖြူသူလှလေးလို့အော်ပြီး စလိုးမိုးရှင်းလေးနဲ့ ပြေးပြီး..."

"ဟော....မီးပျက်သွားပြီ"

"ဘာ"

Saving screenshot

"ဪ...မီးပျက်သွားပြီ၊ ဆက်လို့မရတော့ဘူးလို့ပြောတာပါ"

"အို...ဇာတ်သိမ်းခန်း သိနေပြီပဲ၊ မောင်းဖို့မလိုတော့ပါဘူး"

ကကြီးမှာ သူ့ဇာတ်လမ်းကို မရပ်ချင် ရပ်ချင်နဲ့ ရပ်လိုက်ရသည်။

ရှိစေတော့...။ သူ့ဇာတ်လမ်းက ညားခဲ့ပြီပဲ....။

ဒါပေမဲ့ ဖြူသူလှက အကောင်းဆုံးလက်ထပ်နိုင်သူကို ရွေးဦးမှာ လေ...။

ဒါနဲ့ သူလည်း တစ်ဦး တစ်ယောက် ကို သတိရသွားပြီး...

"c အရော ဖြူသူလှကို ဘယ်လိုလက်ထပ်မှာ လဲ"

ဟုမေးလိုက်သည်။

ညို့သူက သက်ပြင်းအရင်ချသည်။

"သူက ရှင့်ရဲ့ လက်ထပ်ခြင်းထက်
ပိုပြီးအဓိပ္ပာယ်ရှိအောင် လက်ထပ်ဖို့ စီစဉ်ထားတယ်"

"ဟင်..."

ကောင်းကင်တွင် တိမ်မရှိတော့သလို
ခံစားရသည်။

လေသည် မညှာမတာ တိုက်နေသည်။

********

(၃၉)

"မြန်မာစကားမှာ တစ်လေ့တည်းစီး၊

တစ်ခရီးတည်းသွားကြတဲ့လူတွေ ဆိုတဲ့စကား ရှိတယ်မှတ်လား”

“ရှိတယ်လေ၊ သိပ်အဓိပ္ပာယ်ရှိတဲ့စကားပေါ့၊ ချစ်ခြင်းမေတ္တာ အပြည့်ပါတဲ့စကားလေ”

“အင်...ဟုတ်တယ်၊ ငအက အဲဒီ စကားကို မှတည်ပြီး ဖြူသူလှကို လက်ထပ်မယ်တဲ့”

“ဘယ်လို”

“သူနဲ့ ဖြူသူလှတို့ရဲ့ လက်ထပ်ခြင်းကို လှေပေါ်မှာ ကျင်းပမယ်တဲ့”

“အို”

“သေသေချာချာပြောရရင် ရေကန်အကြီးကြီးတစ်ကန်ရဲ့ အလယ်မှာ တစ်တစ်ခုဆောက် ထားတယ်”

"အင်း"

"အဲဒီ စင်ပေါ်မှာ ကိတ်မုန့်တစ်လုံး၊ ပန်းသီးတစ်လုံး၊ ဓားတစ်ချောင်း၊ လက်စွပ်လေးနှစ်ကွင်းနဲ့ စာသာအချို့ရေး ထားတဲ့ စက္ကူတစ်ရွက်ရှိတယ်"

"......."

"ပထမဆုံး၊ ဖြူသူလှကို ကမ်းကနေ လှေပေါ်ကို လက်တွဲ ခေါ်တင်တယ်"

"အင်း"

"ကမ်းစပ်ပေါ်မှာ တော့ မင်္ဂလာဧည့်ခံပွဲလာတဲ့ လူတွေ က ကမ်းပါးတစ်ခုလုံး အပြည့်ပေါ့"

"မိုက်တယ်နော်"

"နောက် ...ငအက ဖြူသူလှကို ကန်အလယ်က စင်အထိ လှေလှော်ပြီ ခေါ်သွားတယ်"

"ညွှသည့်တွေ ကြည့်နေတာပေါ့"

"ဒါပေါ့"

"ကြည့်နူးစရာပဲ"

"ကန်အလယ်ကစင်နား ရောက်တော့ လှေကို စင်မှာ ကြိုး ချည်၊ ငအက အရင်တက်၊ ဖြူ သူလှကို လက်ကမ်းခေါ်ပြီး နှစ် ယောက် လုံး တက်ကြတာပေါ့"

"အင်း"

ကကြီးမှာ မအီမသာနှင့် သက်ပြင်းချလိုက်သည်။

"စင်ပေါ်ရောက်တော့ ငအက စာသာအချို့

ရေး ထားတဲ့စာရွက်ကို ကိုင်ပြီး ဖြူသူလှကို တိုးတိုးလေး ရွတ်ပြတယ်”

“ဘာရွတ်ပြတာလဲ”

“ကျွန်ုပ်၏ နှလုံးသားမှာ ပွင့်သော ပန်းသည် သင့်အတွက်သာ ဖြစ်၏ ”

“.......”

“ထို့အပြင် ၎င်းပန်းမှ ဖြစ်သည့် တစ်ခုတည်းသော နှလုံးသားသဏ္ဍာန် ပန်းသီးသည် သင့်အတွက် တစ်သက်စာ ကြွေကျခဲ့ပါသည်။ သင့်အတွက် ပေးပါ၏ ။”

“အို...အဓိပ္ပာယ်ရှိလိုက်တာ”

“ပြီးတော့ သူက ပန်းသီးကို ပေးတယ်၊ နောက် လက်စွပ်ကို ယုယုယယလေးစွပ်ပေးတယ်၊ ပြီး....ကိတ်မုန့်ကို ဓားနဲ့လှီးပြီး ကျွေးပြန်တယ်”

Saving screenshot

"င ....ငအေ...မင်း၊ မင်း...သာပါတယ်ကွာ"

ကကြီးမှာ စိတ်ဓာတ်ကျသွားသည်။

ငအေရဲ့ လက်ထပ်ပွဲက
တကယ်ကြည်နူးဖို့ကောင်းပြီး
အဓိပ္ပာယ်လည်းရှိတယ်လို့ သူထင် နေမိသည်။

"နောက်တော့ သူတို့ ကမ်းဘက်ကို
လှေလှော်ပြီး ပြန်လာကြတယ်"

ထို့နောက် နှစ် ဦးသား စကားမပြောဘဲ
ရပ်နေကြသည်။

ခဏကြာမှ....

"ကကြီး"

"ပြောလေ ညိုသူ"

"ဖြူသူလှက ပြောတယ်"

“အင်”

“မနက်ဖြန်ကျရင် ရှင်တို့နှစ် ယောက် ထဲက တစ်ယောက် ကို အဖြေပေးမယ်တဲ့”

ကကြီးက ဘာမှပြန်မဖြေဘဲ သိကြောင်း ခေါင်းညိတ်ပြသည်။ ဖြူသူလှအဖြေသည် ညိုသူ့ အဖြေ ဖြစ်သော ကြောင့် ကကြီးနှင့် ငအတို့၏ တစ်ဦး တစ်ယောက် မနက်ဖြန်သည် လှပပါ့မလား။

********

(၄၀)

ထိုနေ့က ပုံပြင်ပြောရာ ကင်တင်းသို့ ကကြီး အစောဆုံးရောက်သည်။ ကင်တင်းထဲတွင် ကျောင်းသား တစ်ယောက် စနှစ် ယောက် စသာ ရှိသေးသည်။

သူတို့နှစ် ဦး ပုံပြောရာထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ နာရီကြည့်လိုက်၏ ။ လာသင့်သည့် အချိန် ဖြစ်သော် လည်း ညိုသူချောမှာ ကင်းတင်းသို့ ရောက်မလာသေးချေ။

ဘာ ဖြစ်လို့လဲ...

လာမှာ ပဲလေဟု ကကြီး တွေ းလိုက်ပြီး လက်ဖက်ရည်ကို စိမ်ပြေနပြေသောက်ကာ သူတို့ နှစ်ယောက် ပြောခဲ့သော ပုံပြင်ကို အပြန်အလှန်စဉ်းစားနေလိုက်သည်။

ဒီနေ့သည် သူတို့ပြောခဲ့သော ပုံပြင်၏ ဇာတ်သိမ်းပိုင်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

ဖြူသူလှကရော ဘယ်လိုလဲ အဖြေပေးမှာ လဲ.....။

ကကြီး ခေါင်းကို ခါယမ်းလိုက်သည်။

Saving screenshot

ထိုမေးခွန်းသည် သူ့ကို ညက အိပ်မပျော်အောင် ပြု လုပ်ထားသော မေးခွန်း ဖြစ်သည်။

"ကိုကကြီး"

သူ့ကိုခေါ်သံကြောင့် မော့ကြည့်လိုက်တော့။ လူငယ် တစ်ယောက် ကို တွေ့ရသည်။

"ဟုတ်ကဲ့...ဘာများ ကူညီရမလဲ။ ကျွန်တော် ကကြီးပါ။"

"ခဏထိုင်မယ်နော်"

ဟုဆိုပြီး ထိုလူငယ် တစ်ယောက် က သူ့စားပွဲတွင် ဝင်ထိုင်သည်။

"မညို့သူချောကို စောင့်နေတာလား"

"ဟင်"

ကကြီး ထိတ်လန့်သွားသည်။ သူတို့က ညို့

သူချောနဲ့ ဘယ်လိုပတ်သက်လဲ။]

"ပုံပြင်ထဲက သူဌေးကြီးရဲ့ သမီးသုံးယောက်ကို ကြိုက်တဲ့လူကို မှတ်မိလား"

"အင်...မှတ်မိတယ်"

"အဲဒါ...ကျွန်တော် ပဲ"

"ဒါဆို မင်းက ဖြူသူလှ မောင်ပေါ့"

"ဟုတ်ပါတယ်။ ပုံပြင်ထဲက ဖြူသူလှမောင် (အပြင်မှာ ညိုသူချောရဲ့ မောင်တစ်ဝမ်းကွဲ) ဖြစ်ပါတယ်"

"ဩော်...သိပြီ၊ ပုံပြင်ထဲကအတိုင်း အပြင်မှာ မင်းက ကောင်မလေးသုံးယောက် တစ်ပြိုင် နက်တည်း ကြိုက်တယ်မှတ်လား"

"ဟုတ်ပါတယ်၊ မညိုသူနဲ့ ကျွန်တော် က

မောင်နှမတစ်ဝမ်းကွဲဆိုပေမယ့် အရင်းတွေ လိုပါပဲ။ အစ်ကို့ကို ကျွန်တော့် အကြောင်း စပြောတဲ့နေ့က ကျွန်တော် ကောင်မလေးသုံးယောက် နဲ့ ဗျာများနေတဲ့နေ့ပေါ့"

"သူက အပြင်က အ ဖြစ်အပျက်အချို့ကို ပြန်ပြောင်းပြောသွားတာပေါ့"

"အင်...ဒါလည်း ဟုတ်ပါတယ်"

"ဒါ....ဒါဆို၊ င...ငအရော အပြင်မှာ တကယ်ရှိတာပေါ့"

ကကြီး ထိတ်လန့်သွားသည်။

ညိုသူချောမောင်လေးက သူ့ကို ဘာမှပြန်မပြောဘဲ စိုက်ကြည့်နေသည်။

ကကြီးရင်သည် ပူစပ်ပူလောင်ဖြစ်လာချေပြီ....။

Saving screenshot

ငအေကို ညှို့သူချောက အဖြေပြန်ပေးလိုက်ပြီလား၊

ဒါကြောင့် သူ ငါ့ဆီ မလာတာလား

“ပုံပြင်ထဲမှာ ပါတဲ့ ဖြူသူလှသူငယ်ချင်း မကြင်မြင့် ဆိုတာကလည်း ဟိုးတစ်နေ့က ဆေးရုံက ဆင်းပါတယ်”

“သူလည်း အပြင်မှာ တကယ်ရှိတယ်ပေါ့”

“ရှိပါတယ်။ မကြင်မြင့် နေကောင်းဖို့အတွက် အစ်ကိုပြောတဲ့နည်းလမ်းကို လူနာနဲ့ လိုက် ဖက်အောင် အစ်မညှို့သူက ပြန်ပြောင်းသုံးခဲ့ပါသေးတယ်”

“အို”

ကကြီးသည် ရင်ထဲတွင် တစ်စုံတစ်ရာ ခံစားလိုက်သည်။

********

(၄၁)

"အစ်ကို ရည်းစားစကား လိုက်ပြောတဲ့နေ့ကလည်း သူ့ပုံပြင်ထဲမှာ ပါတဲ့အတိုင်း၊ အသုဘ လိုက်ပို့ပြီး ပြန်လာတဲ့နေ့ပေါ့"

ကကြီးသည် ညိုသူချောမောင်လေး စကားကိုသာ နားထောင်နေမိသည်။ ပုံပြင်ထဲက အကြောင်းအရာတွေ က အပြင်က အကြောင်းအရာတွေ လား၊ ထို့နောက် တစ်စုံတစ်ခု သွားသတိရ မိပြီး....။

"ဒါဆို ညိုသူချောက အပြင်မှာ လည်း တမလွန်တို့ သေခြင်းတို့ကို စိတ်ဝင်စားတယ်ပေါ့"

“ဟုတ်ပါတယ်”

“အို”

“မညို့သူက သူပုံပြောနေစဉ်အတွင်း အပြင်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို အနည်းငယ် ပြန်ပြောင်းပြီးပုံပြင်အဖြစ် ပြောခဲ့တာပါ”

သူသိချင်သည့်ကိစ္စတစ်ခုကို မေးလိုက်သည်။

“အခု ညို့သူချောရော”

“အဲဒါ ကတော့ ကျွန်တော် လည်း မသိပါဘူး။ သူတစ်ခုခု ဆုံးဖြတ်ပြီးရင် လာလိမ့်မယ်ထင်ပါတယ်”

ထိုသို့ပြောပြီးပြီးချင်း ညို့သူချောမောင်လေးမှာ မတ်တတ်ထရပ်သည်။

“အစ်ကို ကျွန်တော့်ကို ခွင့်ပြုပါဦး”

သူ ခေါင်းညိတ်ပြလိုက်သည်။

ရင်မောနေ၍ နှုတ်က နှုတ်ဆက်စကားမထွက်မိ...။ ကောင်လေး ထွက်ခါနီး မှ တစ်ခု သတိရ သွားပြီ....

"ပုံပြင်ထဲက ငအကက အပြင်မှာ ဘယ်သူလဲဟင်"

ညို့သူချောမောင်းလေးက သူ့ကို ပြန်လှည့်ကြည့်သည်။

"အိမ်က သဘောတူထားတဲ့ တစ်ယောက်ပါ"

ပြောပြောပြီးချင်း လှည့်ထွက်သွားလေသည်။

သူ ရင်မောစွာ ဖြင့် ကျန်ခဲ့သည်။

Saving screenshot

ထိုနေ့က ပုံပြင်ပြောရာ ကင်တင်းသို့ ညု
သူချော ရောက်မလာခဲ့ပါ။

********

မငိုပါနဲ့

ဇာတ်လမ်းက မသိမ်းသေးပါဘူး

မင်းသားလည်း

သေနတ်မှန်ရာက ထလာနိုင်ပါတယ်။

မင်းသမီးလည်း

"ဟင့်အင်း...မောင် မသေရဘူး" လို့

Saving screenshot

ပြောကောင်း ပြောလာနိုင်ပါတယ်

တကယ်တော့

ပြီးပါပြီ ဆိုမှသာ

ငိုလိုက်ကြပါ။

********

တစ်ရက်

နှစ် ရက်

သုံးရက်တိုင်အောင် ပုံပြင်ပြောရာ
ကင်တင်းသို့

ညို့သူချော ရောက်မလာခဲ့ပါ။

သူ ကတော့

ပုံပြင်ပြောရာ ကင်တင်းသို့

နေ့တိုင်းရောက်ခဲ့ပါသည်။

********

(၄၂)

"ကကြီး"

"အေး...ပြော"

ကကြီးနှင် သူ့သူငယ်ချင်းတစ်စု ကင်တင်းတွင် ထိုင်စကားပြောနေကြသည်။

"ဟိုတစ်နေ့ မင်းပြောတယ်လေ၊ မိန်းမဆိုတာ ပြဿ ဂနာပါပဲဆိုကွ၊ အဲဒါ မရှင်းဘူး

ဖြစ်နေ တယ်၊ တစ်ဖက်သတ်စွပ်စွဲတာရော မ ဖြစ်နိုင်ဘူးလား”

“အား …မင်းတို့ မသိဘူးလား၊ လူငယ်တွေ ကြားထဲမှာ ဒီလောက်တောင် ရေပန်းစားနေတဲ့ ပွဿာကို”

“မသိလို့ ပြောတာပေါ့၊ ဘယ်လိုပြဿ နာ ဖြစ်တာလဲ”

ကကြီးက သူ့သူငယ်ချင်းတွေ ကို တစ်ချက်ရှူးလိုက်သည်။

ဒီလောက်လူငယ်တွေ သိကြတဲ့ကိစ္စကို သင်းတို့ မသိဘူး။ တုံးလိုက်တာ စတဲ့ ဘာညာ အကြည့်တွေ နဲ့ပေါ့။

“ပထမဦးဆုံး မိန်းမ တစ်ယောက် ကို ချစ်ကြို က်လို့ စပြီးလိုက်တော့မယ်ဆိုရင် အချိန်ရယ်၊ ငွေရယ်

ကုန်တယ်မှတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာ ဖြစ်လဲ"

ကကြီးက လွယ်အိတ်ထဲမှ စာရွက်တစ်ရွက် ထုတ်လိုက်ပြီး....

"ဒါဆို သင်္ချာနည်းအရ ဒီလိုရေး ရင် ရမယ်ထင်တယ်"

ဟုဆိုပြီး အောက်ပါအတိုင်း ရေး ချလိုက်သည်။

Woman – Time x Money

"အင်း...ဟုတ်သားပဲ"

"အဲဒီ အချိန်ဆိုတာ ငွေတစ်မျိုးပဲလေ၊ ဒီတော့ Time နေရာမှာ Money ကို အစားသွင်း လိုက်မယ်"

ကကြီးက ပြင်ရေး လိုက်ပြန်သည်။

Woman – Money x Money

"အလဲ့...တယ်ဟုတ်ပါလား"

"ပြီးတော့ သင်္ချာအရ Money နှစ် ခုကို မြှောက်လိုက်ရင် ဒီလို ဖြစ်တယ်"

Woman – Money2

ကကြီးကပဲ ဆက်ပြောသည်။ သူ့သူငယ်ချင်းတွေ က စိတ်ဝင်တစားနှင့် နားထောင်နေသည်။

"အဲဒါကို ငါတို့က ထပ်ညွှန်းကိန်းတင်မယ်ဆိုရင် ဒီလိုရလာသေးတယ်"

Womman-Money

"တစ်နည်းပြောရင် ငွေ ဆိုတာကလည်း ပြသ

Saving screenshot

နာပေါင်းစုံရဲ့ ထပ်ကိန်းပဲမဟုတ်လား"

"အေးလေ"

"ဒီတော့ ဒီလိုပြင်ရေး လိုက်မယ်"

Woman-Problem2

"သင်္ချာနည်းအရပဲ ချလိုက်တော့ ဒီလိုထွက်တယ်"

Woman – Problem

"ဟား...ဟား... အဲဒါကြောင့် မင်းက မိန်းမတွေ က ပြဿ နာလို့ ပြောတာကိုး"

"အဲဒီ လိုလည်း မဟုတ်ပါဘူး။ ငါတို့လူငယ်တွေ ကြားမှာ ပြောနေကျတဲ့ကား ဖြစ်လို့သာ ပြောလိုက်တာပါ"

ထိုစကားပြောအပြီး ကကြီးသည်

Saving screenshot

အဝေးကိုငေးနေမိသည်။

တစ်ဦး တစ်ယောက် ကို သတိရလိုက်သော ကြောင့် ဖြစ်သည်။ ထို့နောက် မတ်တတ်ရပ်လိုက် ၏ ။

"ဘယ်သွားမလို့လဲ"

"စာကြည့်တိုက် ခဏသွားမလို"

ဟု ဆိုပြီး ကင်တင်းထဲမှ ထွက်လာခဲ့သည်။

လမ်းတစ်လျှောက်လုံးသည် ပြာရီဝေနေသည်ဟု ခံစားလိုက်ရသည်။

********

(၄၃)

စာကြည့်တိုက်သို့ သွားရာလမ်းတွင်

ပထမဦးဆုံး မာတုမှ အေးကိုနှင့် ဆုံသည်။

"ကကြီး"

"အေး"

"ဘယ်လဲ"

"စာကြည့်တိုက် သွားမလို့"

ဘာညာနှင့် စကားစမြည်
နှုတ်ဆက်ပြောဆိုမိကြသည်။ တစ်မိနစ်ခန့်
စကားပြောပြီး နောက်...

"ငါသွားတော့မယ် ....ကကြီး"

"အေး....အေး..."

"ဩော်...ဒါနဲ့ ...ကကြီး"

"ပြောလေ"

"မင်းကို ညို့သူချောက ကြိုက်များ ကြို့

က်နေလားမသိဘူးနော်”

“ဟင်”

ထိုသို့ပြောပြီးပြီးချင်း ဓာတုမှ အေးကိုထွက်သွားသည်။

ကကြီးလည်း ခေါင်းကုတ်ရင်း ကျန်ခဲ့သည်။

စာကြည့်တိုက်သို့ လမ်းဆက်လျှောက်လာရင်း နောက်ထပ် ရှုပမှ ကိုအေးနှင့် တွေ့သည်။

ထုံးစံအတိုင်း နှုတ်ဆက်ရပြန်သည်။

“ကိုအေး”

“အေး...ကကြီး နေကောင်းလား”

“ကောင်းပါ့ဗျာ”

“သြော်...မင်းနဲ့ ညီသူချောကိစ္စရော

ဘယ်လိုလဲကွ"

"မသိသေးပါဘူးဗျာ"

"ဘာပဲပြောပြော နော်.... ညို့သူချောက

မင်းကို ကြိုက်နေတယ်ထင်တယ်"

"အို"

တစ်စုံတစ်ခု လွဲမှား နေသည်ဟု

ခံစားလိုက်ရသည်။

ဤသို့ဖြင့် စာကြည့်တိုက်သွားရာလမ်းတွင်

နောက် တစ်ယောက် နှင့် ထပ်ဆုံပြန်သည်။

ဒီတစ်ခါတော့ သင်္ချာမှ မအေး ဖြစ်သည်။

"ကကြီး"

"ဗျာ ...မအေး"

"နှင့်သတင်းတွေ ကြားတယ်နော်"

“ဟဲ...ဟဲ... ဒီလိုပါပဲဗျာ”

“ဒီလိုပါပဲလုပ်မနေနဲ့။ ညို့သူချောက နင့်ကိုကြိုက်နေတာ သေချာတယ်”

“လာပြန်ပြီ”

မအေးထွက်သွားပြီးနောက် သူ တစ်ယောက် တည်း ကျန်ခဲ့သည်။ ဘာတွေ ဖြစ်နေကြတာ လဲ...

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ညို့သူချောက သူ့ကိုချစ်ကြောင်း ဘာ့ကြောင့် ပြောသွားကြရ တာလဲ။

ရုတ်တရက်ဆိုသလိုပဲ....

သူနှင့် ညို့သူချောတို့ ပြောခဲ့သော ပုံပြင်ကို သွားသတိရလိုက်သည်။

ပုံပြင်ထဲတွင် ဖြူသူလှကို

ရည်းစားစကားပြောခဲ့ပုံအား သတိရလိုက်ခြင်း ဖြစ်သည်။

သူ့ရဲ့ ခြေလှမ်းများ က ဦးတည်ရာပြောင်းလိုက်သည်။

စာကြည့်တိုက်ဘက် မဟုတ်တော့....။

ပုံပြင်ပြောရာ ကင်တင်းသို့ ဖြစ်သည်။

********

## (၄၄)

သူထင်သည့်အတိုင်းပင် ပုံပြင်ပြောရာ ကင်တင်းရှိ ခုံလေးတွင် ညို့သူချော ထိုင်နေသည်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်သည်။

"ညို့သူ"

သူ ဝမ်းသာအားရ ခေါ်လိုက်သည်။ ညို့သူချောက သူ့ကိုစိုက်ကြည့်နေသည်။

လမ်းများ သည် ပြာရီဝေဝေမဟုတ်တော့ပါ။

အပြာလွှင်လွှင်လေး ဖြစ်နေပါတော့သည်။

"ငါတို့ ပုံပြင်က မပြီးသေးဘူးလေ၊ ဇာတ်သိမ်းပိုင်း ကျန်သေးတယ်"

"နင်... ဇာတ်သိမ်းပိုင်း လာပြောတာပေါ့"

"ဟုတ်တယ်"

ကကြီးက ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"ဖြူသူလုက ဘယ်သူ့ကိုရွေးလဲ၊ ငါလား၊ ငအ ကိုလား"

သူသိချင်တာကို
အလောတကြီးမေးလိုက်သည်။

ညို့သူချောက တစ်ချက်ပြုံးလိုက်ပြီး....

"အဖြေပေးမယ့် နောက်တစ်နေ့ကျတော့ ဖြူ
သူလှ ဖျားနေတယ်ဟ၊ ဒါကြောင့် သူတို့နှစ် ယောက်
ထဲက တစ်ယောက် ကို နောက်သုံးရက်လောက်ကြာမျ
အဖြေပးမယ်လို့ ဆုံးဖြတ်လိုက် တယ်"

ဖြူရော်ရော် ဖြစ်နေသော
သူ့မျက်နှာလေးကို အခုမှပဲ သတိထားမိသည်။
သူမကပဲ ဆက်ပြောသည်။

"ဖျားနေတုန်းမှာ ဖြူသူလှက နင့်ကို
သတိရတယ် သိလား"

"အို"

ကြည်နူးသွားသည်။

ဘာမှပြန်ပြောခွင့်မရှိသော်လည်း နှလုံးခုန်သံသည် ခဏရပ်သွားသည်ဟု ထင်ရသည်။

"အဲဒီ မှာ ဖြူသူလှက စဉ်းစားတယ်"

"အင်း"

"ဖျားနေတဲ့အခါ ငအေ ကိုရော သတိမရဘဲနဲ့၊ ကကြီး တစ်ယောက် တည်း ဘာကြောင့် သတိရတာ လဲပေါ့၊ နောက်ဆုံးတော့ အဖြေတစ်ခုရတယ်"

"ဘာလဲ"

"သူ နင့်ကို ချစ်နေတယ်"

********

(၄၅)

"ဒါနဲ့ သူ နေကောင်းကောင်းချင်း

နင့်အသိသုံးယောက် ကို ခေါ်ပြီး နင်သွားရာလမ်းမှာ သူ့ကို ရည်စားစကားပြောသလိုမျိုး ပုံစံအတိုင်း ပြန်လုပ်လိုက်တယ်"

"ဒါ...ဒါဆို...နင်..ငါ့ကို ချစ်တယ်ပေါ့"

"ဖြူသူလှက ချစ်တာလေ"

"ဖြူသူလှက နင်ပါ"

"ဖြူက ညိုသူချောလေ ဟဲ...ဟဲ..."

ညိုသူချောက ပြု

းစိစိလုပ်ရင်းပြန်ပြောသည်။

ထို့နောက် ညိုသူချောက သူယူလာသော အိတ်ကြီးထဲမှ တစ်စုံတစ်ခု ထုတ်လိုက်ပြီး ကကြီးအား လှမ်းပေးလိုက် သည်။ ဘူးတစ်ဘူး ဖြစ်သည်။

"ဘာလဲ"

Saving screenshot

"ဖွင့်ကြည့်လိုက်ပါ၊ ဒီပစ္စည်းက ညို့သူချော ဖြစ်တဲ့ ငါက နင့်ကိုပေးတာ"

ကကြီး ဖွင့်ကြည့်လိုက်သည်။

"ဟင်"

ကိတ်မုန့်လေးတစ်ခုအား တွေ့ရသည်။

"အဲဒါ ငါကိုယ်တိုင် ဖုတ်ထားတဲ့ ကိတ်မုန့်လေ၊ ကိတ်မုန့်နာမည် က ချစ်သူနှစ် ဦး ကိတ်မုန့် တဲ့။ ငါက နင့်ကို ကျွေးတာ၊"

ရနံ့အချို့သည် သူ့နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ကိတ်မုန့်မှာ ပါတဲ့ အချစ်ရနံ့များ ဖြစ်ပါသည်။

ကကြီးသည် ကိတ်မုန့်အား တစ်ခုဖဲ့လိုက်၍

။

ထို့နောက် ညို့သူချောအား
ခွံ့ကျွေးလိုက်သည်။

လေးစားစွာ ဖြင့် .....

လူနေ

အချစ်သည်

တစ်ခါတစ်ရံတွင်

ရူးကြောင်ကြောင်နိုင်ပါသည်။

တစ်ခါတစ်ရံတွင် လည်း

ဘာမှန်းမသိပါ။

ထို့ကြောင့်

Saving screenshot

အချစ်သည်

လူငယ်များ ပြောနေကြသော

“ဘာဆိုလားပဲ” ဆိုသည့်

အရာ ဖြစ်ပါသည်။ ။